# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# (၇၁)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၂ ရက်
## (၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၃ ရက်)
## (သောကြာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၇၁)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၇၁)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌသည် ဒုတိယဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အားလုံး သုမင်္ဂလာအပေါင်းနှင့်ပြည့်စုံတော်မူကြပါစေခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၇၁)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၁၈ ဦးရှိတဲ့အနက် ၃၈၃ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေစုစုပေါင်းရဲ့ ၉၁.၆၃ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေထားတဲ့ အစီအစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေး မတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဦးစိုးဝင်း(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသောပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၇၁)ရက်မြောက်နေ့မှာ အစည်းအဝေးမတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူများရဲ့အမည်စာရင်းကို ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီဝင် ကျွန်တော်ဦးစိုးဝင်းက တင်ပြပန်ကြားသွားမှာဖြစ်ပါတယ်။ ယနေ့ ခွင့်ပန်ကြားသူများမှာ-

(၁) နမ့်ဆန်မဲဆန္ဒနယ်မှ ဦးမောင်မောင်ဆွေ ခွင့် ၉ ရက်၊

(၂) ဆီဆိုင်မဲဆန္ဒနယ်မှ ဦးဝင်းကို ခွင့် ၁ ရက်၊

(၃) ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးမြင့်စိုး ခွင့် ၁ ရက်၊

(၄) ရမည်းသင်းမဲဆန္ဒနယ်မှ ဦးဘိုနီ ခွင့် ၁ ရက်၊

**မူကြမ်း**

(၅) ဝမ်းတွင်းမဲဆန္ဒနယ်မှ ဦးသန်းမြင့် ခွင့် ၁ ရက်၊

(၆) ချမ်းအေးသာစံမဲဆန္ဒနယ်မှ ဒေါက်တာကျော်မြင့် ခွင့် ၁ ရက်၊

(၇) ပန်းတောင်းမဲဆန္ဒနယ်မှ ဦးခင်ဝင်း ခွင့် ၁ ရက်၊

(၈) ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာအောင်သန်း ခွင့် ၁ ရက်၊

(၉) ဂွမဲဆန္ဒနယ်မှ ဦးကြည်သာ ခွင့် ၁ ရက်၊

(၁၀) မိုင်းတုံမဲဆန္ဒနယ်မှ ဦးစိုင်းအောင်ကြည် ခွင့် ၁ ရက်၊

(၁၁) နမ့်စန်မဲဆန္ဒနယ်မှ ဦးဌေးလွင်(ခ)ဦးဒီလုံး ခွင့် ၁ ရက်၊

(၁၂) ခန္တီးမဲဆန္ဒနယ်မှ ဦးလှထွန်း ခွင့် ၁ ရက်၊

(၁၃) ဘိုကလေးမဲဆန္ဒနယ်မှ ဦးမြသိန်း ခွင့် ၁ ရက်၊

(၁၄) တန့်ဆည်မဲဆန္ဒနယ်မှ ဦးတင်မြင့် ခွင့် ၁ ရက်၊

(၁၅) မုံရွာမဲဆန္ဒနယ်မှ ဦးခင်မောင်ဦး ခွင့် ၁ ရက်၊

(၁၆) ကျောက်တော်မဲဆန္ဒနယ်မှ ဦးသာစိန် ခွင့် ၁ ရက်၊

(၁၇) မန်တုံမဲဆန္ဒနယ်မှ ဦးအိုက်မုန်း ခွင့် ၁ ရက်နှင့်

(၁၈) တောင်ကြီးမဲဆန္ဒနယ်မှ ဦးစံလင်း ခွင့် ၁ ရက် တို့ဖြစ်ပါတယ်။ ယနေ့ ခွင့်ပန်ကြားသူ ၁၈ ဦး၊ ယမန်နေ့က ခွင့်ပန်ကြားထားသူ ၁၇ ဦး စုစုပေါင်း ခွင့်ပန်ကြားထားသူ ၃၅ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် ခွင့်ပန်ကြားသူများအား ခွင့်ပြုပေး နိုင်ပါရန် လေးစားစွာ တင်ပြပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၁၈ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၇ ဦး၊ ယနေ့ခွင့်ပြုထားသူ ၁၈ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၃၅ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ

အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**ဆည်မြောင်းစီမံကိန်းနှင့် ရေအရင်းအမြစ်အသုံးချရေးစီမံကိန်းများကို ရေပေးမြောင်းစနစ်များသာမက ရေထုတ်မြောင်းစနစ်များကိုပါ ထည့်သွင်း၍ တစ်ပါတည်းပူးတွဲတည်ဆောက်ပေးရန်နှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ ပထမဦးစွာ စဉ့်ကိုင်မဲဆန္ဒနယ်မှ ဦးကြည်ပြုံး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကြည်ပြုံး(စဉ့်ကိုင်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့် ကိုယ်စားလှယ်တော်ကြီးများ၊ ပြည်ထောင်စုအစိုးရဝန်ကြီးများ၊ ဖိတ်ကြားထားသောဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ ရိုသေစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကျွန်တော်ဦးကြည်ပြုံးအနေနဲ့ တောင်သူလယ်သမားများရဲ့အကျိုးငှာ ဖော်ပြပါမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါကြောင်း ဦးစွာအစီရင်ခံအပ်ပါတယ်။ လက်ရှိ ကျွန်တော်တို့နိုင်ငံမှာ တောင်သူလယ်သမားများ အကျိုးစီးပွားဖြစ်ထွန်းစေဖို့အတွက် စိုက်ပျိုးသီးနှံများကို ရေပေးဝေတဲ့လုပ်ငန်းမှာ မလိုလားတဲ့ ပိုလျှံတဲ့မိုးရေ၊ ချောင်းရေ၊ မြောင်းရေများကို အလျင်အမြန်စွန့်ထုတ်နိုင်ခြင်းအားဖြင့် သီးနှံများပျက်စီးဆုံးရှုံးခြင်းမှကာကွယ်နိုင်ဖို့အတွက် ရေနုတ်မြောင်းများကိုတူးဖော်ခြင်း၊ အသစ်တူးဖော်ခြင်းလုပ်ငန်းတွေကို ကျွန်တော်တို့ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးတွေမှာ သက်ဆိုင်ရာဝန်ကြီးဌာနက ဆောင်ရွက်ပေးနေတာကိုလည်း တွေ့ရှိရပါတယ်။ ဒါတင်မကဘဲနဲ့ ပင်လယ်ရေငန်ထိန်းတာပေါင်များ၊ မြစ်ရေ ထိန်းတာပေါင်

များကိုလည်း လိုအပ်သလို ပြုပြင်ပေးတာကို ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်တို့မှာလည်း ဆောင်ရွက်ပေးနေပါတယ်။ ဒါတင်မက ကျွန်တော်တို့ မြန်မာပြည်အလယ်ပိုင်း မိုးနည်းရပ်ဝန်းဒေသတွေမှာလည်း စိုက်ပျိုးရေရရှိခြင်းအားဖြင့် တောင်သူဦးကြီးများ သီးနှံစိုက်ဧက တစ်သီးမှနှစ်သီး၊ နှစ်သီးမှသုံးသီးအထိ စိုက်ပျိုးဖြစ်ထွန်းနိုင်ဖို့အတွက် ရေလှောင်တမံများ၊ ရေလွှဲဆည်များ၊ ရေပေးမြောင်းများကိုလည်း ရရှိတဲ့ရန်ပုံငွေအရ နှစ်စဉ်ဆောင်ရွက်ပေးနေတာကိုလည်း တွေ့ရှိရပါတယ်။ နောက်တစ်ခါ ကျွန်တော်တို့ မူလတည်ဆောက်ပြီးတဲ့ ဆည်ရေသောက်ဧရိယာများမှာ ရေနုတ်မြောင်းများကိုလည်း ရရှိတဲ့ရန်ပုံငွေအရ ပြုပြင်ပေးလျက်ရှိကြောင်းကိုလည်း တွေ့ရပါတယ်။ သို့သော်လည်းပဲ အသစ်တည်ဆောက်လျက်ရှိတဲ့၊ တည်ဆောက်ရန်လျာထားတဲ့ ဆည်မြောင်းစီမံကိန်းနဲ့ ရေအရင်းအမြစ်အသုံးချရေးစီမံကိန်းများရဲ့ ရေသောက်ဧရိယာများမှာ ရေပေးမြောင်းစနစ်များသာမက ရေထုတ်မြောင်းစနစ်များကိုပါ ကုန်ကျစရိတ်များကို ထည့်သွင်းတွက်ချက်၍ တစ်ပါတည်းပူးတွဲတည်ဆောက်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါသဖြင့် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို လေးစားပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးခင်ဇော်(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးခင်ဇော်ဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်ပြုံးရဲ့မေးမြန်းချက်ကို လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးရဲ့ခွင့်ပြုချက်အရ ကျွန်တော် ရှင်းလင်းဖြေကြားမှာဖြစ်ပါတယ်။ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန လက်အောက်ရှိ ဆည်မြောင်းဦးစီးဌာနနှင့် ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနများအနေဖြင့် နိုင်ငံတော်တစ်ဝှမ်းတွင် တည်ဆောက်ပြီးသော ရေလှောင်တမံ၊ ရေလွှဲဆည်၊ ဆည်ရေသောက်စနစ်နှင့် မြစ်ရေတင်စီမံကိန်းများကို စနစ်တကျထိန်းသိမ်းပြီး စိုက်ပျိုးရေးအတွက်လိုအပ်သောရေကို လိုအပ်သည့်အချိန်၌ လိုအပ်သော ပမာဏအတိုင်း လေလွင့်မှုအနည်းဆုံးဖြင့် ပေးဝေနိုင်ရန် စီမံဆောင်ရွက်လျက်ရှိပါတယ်။ ထို့အပြင်

စိုက်ပျိုးပြီးသီးနှံများ ရေကြီးနစ်မြုပ်ခြင်း၊ ရေဝင်ရောက်ခြင်းကြောင့် ပျက်စီးဆုံးရှုံးမှုမရှိစေရန် ရေဘေးကာကွယ်ရေးတာတမံ၊ ရေဝင်တားတာနှင့် ရေတံခါးများတည်ဆောက်ခြင်း၊ ရေနုတ်မြောင်းများ တူးဖော်ခြင်းလုပ်ငန်းများကိုလည်း ဘဏ္ဍာနှစ်အလိုက် ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မူတည်၍ ဒေသ လိုအပ်ချက်အရ ဦးစားပေးအစီအစဉ်သတ်မှတ်ကာ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဆည်ရေသောက် စနစ်အသီးသီးတွင် ရေပေးမြောင်းများမှ စိုက်ပျိုးရေရယူပြီးနောက် ပိုလျှံရေများကို ပြန်လည်ထုတ်နုတ် လျှော့ချနိုင်ရန်နှင့် မိုးရာသီတစ်လျှောက် မိုးသည်းထန်စွာရွာသွန်းချိန်တွင် လယ်မြေများအတွင်းမှ ပိုလျှံ သောမိုးရေများအား ထုတ်နုတ်ပေးနိုင်ရန်အတွက် မူလတည်ရှိပြီးဖြစ်သည့် သဘာဝရိုးများ၊ ချောင်း များကို ရေနုတ်အားကောင်းစေရန် ပြုပြင်တူးဖော်ပေးခြင်းနှင့် ဒီဇိုင်းတွက်ချက်မှုအရ ထပ်မံလိုအပ် သော ရေနုတ်မြောင်းနှင့် ရေနုတ်အဆောက်အအုံများ ထည့်သွင်းတည်ဆောက်ခြင်းများကို ဆောင်ရွက် ထားရှိပါတယ်။ တည်ဆောက်ဆဲ ဆည်မြောင်းစီမံကိန်းများ၏ ရေသောက်စနစ်များ ဆောင်ရွက်ရာတွင် လည်း လယ်မြေများမှတစ်ဆင့် ထွက်ရှိလာသောပိုလျှံရေများကို စုစည်းထုတ်နုတ်ပေးမည့် လယ်ကြား ရေနုတ်မြောင်းများ၊ ၎င်းလယ်ကြားရေနုတ်မြောင်းများမှ ထုတ်နုတ်ရေများကို အဆင့်ဆင့်စုစည်းပေး မည့်ရေနုတ်မြောင်းခွဲများနှင့် စိုက်ပျိုးဧရိယာပြင်ပသို့ ထုတ်နုတ်ပေးနိုင်မည့် ပင်မရေနုတ်မြောင်းများ ကို ဆည်ရေသောက်ဧရိယာ၏ မြေမျက်နှာပြင်အနေအထားနှင့် လိုက်လျောညီထွေဖြစ်အောင် ဒီဇိုင်း ပုံစံရေးဆွဲကာ စီမံကိန်းကုန်ကျစရိတ်တွင် ထည့်သွင်းတွက်ချက်ပြီး ဆောင်ရွက်လျက်ရှိပါတယ်။

ထို့အပြင် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည့် မြေယာပြုပြင်မှုစနစ် ဖြစ်သော အဆင့်မြင့်စက်မှုလယ်ယာများ ဖော်ထုတ်ခြင်းလုပ်ငန်းကို နိုင်ငံအနှံ့တွင် အကောင်အထည် ဖော်ဆောင်ရွက်ပေးလျက်ရှိရာ ထိရောက်ကောင်းမွန်သော ရေပေးမြောင်းစနစ်နှင့်အတူ ရေနုတ် မြောင်းနှင့် ရေနုတ်အဆောက်အအုံများကို စနစ်တကျထည့်သွင်းတည်ဆောက်ပေးထားပြီး စိုက်ပျိုးရေး ကဏ္ဍတွင် ရေနုတ်မြောင်းစနစ်၏ အရေးပါပြီး အကျိုးကျေးဇူးကြီးမားမှုကို တောင်သူလယ်သမားများ သိရှိဆောင်ရွက်လာစေရန်လည်း ပညာပေးဆောင်ရွက်လျက်ရှိပါတယ်။ သို့ပါ၍ တည်ဆောက်ဆဲနှင့် တည်ဆောက်ရန်လျာထားသည့် ဆည်မြောင်းစီမံကိန်းများနှင့် မြစ်ရေတင်စီမံကိန်းများ၏ ဆည်ရေ သောက်စနစ်များတွင် ရေပေးမြောင်းများသာမက ပိုလျှံရေများကို ထုတ်နုတ်နိုင်မည့် ရေထုတ်မြောင်း များကိုပါ တစ်ပါတည်း ပူးတွဲတည်ဆောက်ပေးလျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**ဝေးလံခေါင်သီသောဒေသများတွင် တာဝန်ထမ်းဆောင်လျက်ရှိကြသော နိုင်ငံ့ဝန်ထမ်းများ ခံစားလျက်ရှိသည့် ဒေသစရိတ်နှုန်းထားများအား ယာယီပြင်ဆင်လျှော့ချထားခြင်းကို အမြန်ဆုံးပြန်လည် ထပ်မံတိုးမြှင့်ပေးသွားရန် အစီအစဉ်ရှိ/မရှိတို့နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ ချီဖွေမဲဆန္ဒနယ်မှ ဦးဇုံးတိန့်မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဇုံးတိန့်(ချီဖွေမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးအမှူးပြု၍ အားလုံးကိုမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ ချီဖွေမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇုံးတိန့်ဖြစ်ပါတယ်။ မြန်မာနိုင်ငံရှိ တိုင်းရင်းသားအများစု၏ပြည်နယ်များတွင် ဝေးလံခေါင်သီ၍ ခက်ခဲမှုမြို့နယ်အများဆုံးရှိပါတယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့တွင် အတည်ပြုပေးခဲ့၍ အစိုးရအဖွဲ့မှ ဝေးလံခေါင်သီ၍ ခက်ခဲသောဒေသ၊ မြို့နယ်များရှိ နိုင်ငံ့ဝန်ထမ်းများအား ဒေသစရိတ် လစာနှစ်ဆတိုးမြှင့်ပေးခဲ့၍ ထိုဒေသရှိ နိုင်ငံ့ဝန်ထမ်းများမှာ စိတ်အားထက်သန်၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မှုမြင့်တက်လာခဲ့ကြပါတယ်။ သို့သော် ထိုဒေသရှိနိုင်ငံ့ဝန်ထမ်းများ ခံစားလျက်ရှိသည့် ဒေသစရိတ်လစာနှစ်ဆအား ဘဏ္ဍာရေးဝန်ကြီးဌာနမှ ၁-၄-၂၀၁၅ ရက်နေ့မှ ယာယီ ပြင်ဆင်လျှော့ချလိုက်ခြင်းကြောင့် နိုင်ငံ့ဝန်ထမ်းများ အားမာန်ပြန်လည်လျော့နည်းလာကြပါတယ်။ တိုးတက်ဖွံ့ဖြိုးသည့်မြို့ပြဝန်ထမ်းများ၏ ခံစားခွင့်လစာနှင့် ထိုဒေသရှိ နိုင်ငံ့ဝန်ထမ်းများ၏ လက်ရှိ ယာယီလျှော့ချတိုးပေးထား၍ ခံစားရသောစရိတ်တွေ၊ ဝေးလံခက်ခဲသောမြို့နယ်များ၏ ကုန်စျေးနှုန်း ကြီးမြင့်မှုနှင့် လူမှုရေးခက်ခဲမှုစရိတ်များနှင့် နှိုင်းယှဉ်ပါက လိုက်လျောညီထွေမှုမရှိဘဲ ကွာဟနေသည့်အတွက်ကြောင့် ဝေးလံခေါင်သီ၍ လူမှုရေးခက်ခဲသောဒေသများတွင် တာဝန်ထမ်းဆောင်လျက်ရှိကြသော နိုင်ငံ့ဝန်ထမ်းများ၏ လက်ရှိခံစားလျက်ရှိသည့် ဒေသစရိတ်နှုန်းထားများအား ယာယီပြင်ဆင် လျှော့ချသတ်မှတ်ထားခြင်းမှ နှုန်းထားအသစ် ပြန်လည်ပြင်ဆင်တိုးမြှင့်ပေးသွားရန် သိရှိလိုပါသဖြင့် အောက်ပါမေးခွန်းများ မေးမြန်းအပ်ပါတယ်။

ဘဏ္ဍာရေးဝန်ကြီးဌာနမှ ယခုထုတ်ပြန်လျှော့ချသတ်မှတ်ပေးထားသော ဒေသစရိတ်နှုန်းထားသစ်ထက် ထပ်မံပြန်လည်တိုးမြှင့်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိ၊ လက်ရှိအခြေအနေစရိတ်နှင့် ကိုက်ညီရန် မည်သည့်စံနှုန်းများဖြင့် ပြင်ဆင်သတ်မှတ်ပေးသွားမည်ဖြစ်ကြောင်း၊ ပြင်ဆင်သတ်မှတ်စိစစ်ရေးကော်မတီမှ မည်သည့်အချိန်ကာလတွင် ထိုဝေးလံခက်ခဲသောဒေသအားလုံးရဲ့ ဒေသစရိတ်နှုန်းထား

သစ်များကို ပြန်လည်ထုတ်ပြန်အတည်ပြုပေးနိုင်မည်ဖြစ်ကြောင်း ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီး မှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာလင်းအောင်(ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာ အပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကချင်ပြည်နယ်၊ ချီဖွေမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇုံးတိန့် မေးမြန်းတဲ့မေးခွန်းနှင့် ပတ်သက်ပြီးတော့ ဘဏ္ဍာရေးဝန်ကြီးဌာနကိုယ်စား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ ပထမ ဦးစွာ လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးဇုံးတိန့်မေးမြန်းတဲ့ မေးခွန်းသုံးခုအနက်က ပထမမေးခွန်းနှင့် တတိယမေးခွန်းတို့ကို ပေါင်းစပ်ပြီးတော့ ဖြေကြားသွားမှာဖြစ်ပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၅ ခုနှစ် ဧပြီလအတွက် လစာကစပြီးတော့မှ ကျွန်တော်တို့ နိုင်ငံ့ ဝန်ထမ်းတွေရဲ့ နိုင်ငံ့ဝန်ထမ်းတွေရဲ့လစာနှုန်းထားတွေကို တိုးမြှင့်ပေးခဲ့ပြီးဖြစ်ပါတယ်။ ဒါနဲ့အတူ ဒေသ စရိတ်ခံစားခွင့်ပြုထားတဲ့ ဝေးလံခေါင်သီပြီးတော့ လူမှုရေးခက်ခဲတဲ့ဒေသများအဖြစ် သတ်မှတ်ခဲ့တဲ့ မြို့နယ် ၁၁၀ တို့ကို ပြန်လည်စိစစ်သုံးသပ်ဖို့နဲ့ ထပ်မံတင်ပြလာမှုတွေကို သတ်မှတ်စံနှုန်းနှင့် ညီညွတ် မှုရှိ/မရှိ စိစစ်သုံးသပ်နိုင်ဖို့အတွက် ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဆောင်တဲ့ ဝေးလံ ခေါင်သီ၍ လူမှုရေးခက်ခဲသောဒေသများအဖြစ် သတ်မှတ်ရေး စိစစ်ဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုအဆင့် စိစစ်ရေးကော်မတီကို ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ ၇-၅-၂၀၁၅ ရက်စွဲပါအမိန့် ကြော်ငြာစာအမှတ်(၄၃/၂၀၁၅)နဲ့ ဖွဲ့စည်းခဲ့ပြီးတော့ ဒီကော်မတီအတွက် လုပ်ငန်းတာဝန်တွေကိုလည်း သတ်မှတ်ပေးခဲ့ပြီးဖြစ်ပါတယ်။ ဒါ့အပြင် ပြည်ထောင်စုအဆင့် တိုင်းဒေသကြီး/ပြည်နယ်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးများ ခေါင်းဆောင်ပြီးတော့ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အဆင့် တာဝန် ခံများပါဝင်တဲ့ တိုင်းဒေသကြီး/ပြည်နယ်အဆင့် စိစစ်ရေးကော်မတီကိုလည်း ဖွဲ့စည်းတာဝန်ပေးအပ် ထားပါတယ်။ ဒီကော်မတီတွေကနေပြီးတော့ လူမှုရေးခက်ခဲတဲ့ဒေသသတ်မှတ်ရာမှာ အခြေခံစဉ်းစားရ မယ့်အချက် (၁၀)ချက်နဲ့အညီ အမှတ်ပေးစနစ်များနဲ့ ကောင်း၊ သင့်၊ ညံ့ စိစစ်သုံးသပ်သွားဖို့ စီစဉ်

ဆောင်ရွက်လျက်ရှိပါတယ်။ တိုင်းဒေသကြီး/ပြည်နယ်အဆင့် စိစစ်ရေးကော်မတီမှ သုံးသပ်မှုအစီရင်ခံစာကို ပြည်ထောင်စုအဆင့် စိစစ်ရေးကော်မတီကို တစ်လအတွင်းတင်ပြဖို့နဲ့ တင်ပြချက်တွေအပေါ်မှာ အမှတ်ပေးစနစ်နဲ့ သုံးသပ်ပြီးတော့မှ လူမှုရေးခက်ခဲမှုမရှိတဲ့ဒေသ၊ လူမှုရေးခက်ခဲသောဒေသနှင့် လူမှုရေးအခက်အခဲဆုံးဒေသများဆိုပြီးတော့ ပြင်ဆင်သတ်မှတ်သွားမှာ ဖြစ်ပါတယ်။ ဒီလိုလူမှုရေးခက်ခဲတဲ့ဒေသများ အခက်ခဲဆုံးဒေသအဖြစ် သတ်မှတ်ခံရတဲ့မြို့နယ်၊ ကျေးရွာများအလိုက် ဒေသစရိတ်ခံစားခွင့်ပြုမည့်နှုန်းထားဖြစ်သည်ကိုလည်း တွက်ချက်ပြီးတော့မှ ပြင်ဆင်သတ်မှတ်ပေးသွားမှာဖြစ်ပါတယ်။ ယခုလတ်တလောအခြေအနေအရ ဘဏ္ဍာရေးဝန်ကြီးဌာနရဲ့ ၁၀-၄-၂၀၁၅ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် (၁၀၅၈/၂၀၁၅)နဲ့ လက်ရှိဒေသစရိတ်နှုန်းထားတွေကို ယာယီအစီအစဉ်နဲ့ သတ်မှတ်ပေးခဲ့ပါတယ်။

ဒုတိယမေးခွန်းဖြစ်တဲ့ လက်ရှိဒေသအခြေအနေနဲ့ ကိုက်ညီရန် မည်သည့်စံနှုန်းများဖြင့် ပြင်ဆင်သတ်မှတ်ပေးသွားမည်ဖြစ်ကြောင်း မေးခွန်းနှင့် ပတ်သက်ပြီးတော့ ဆက်လက်ဖြေကြားမှာဖြစ်ပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဦးဆောင်ပြီးတော့ ဝေးလံခေါင်သီပြီး လူမှုရေးခက်ခဲတဲ့ဒေသများအဖြစ် သတ်မှတ်ရေးစိစစ်ဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုအဆင့်စိစစ်ရေးကော်မတီဟာ သူ့ရဲ့လုပ်ငန်းတာဝန်များအရ တိုင်းဒေသကြီး/ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဝန်ကြီးများ ခေါင်းဆောင်တဲ့ တိုင်းဒေသကြီး/ပြည်နယ်အဆင့် စိစစ်ရေးကော်မတီကို ဖွဲ့စည်းတာဝန်ပေးပြီးတော့မှ လူမှုရေးခက်ခဲတဲ့ဒေသသတ်မှတ်နိုင်ဖို့အတွက် အထက်မှာတင်ပြခဲ့တဲ့အခြေခံအချက် (၁၀)ချက်ပေါ် အခြေခံပြီးတော့မှ ခေါင်းစဉ်ကြီးတစ်ခုချင်းအလိုက်ကို အခက်အခဲဆုံး၊ အသင့်အတင့်နှင့် ပုံမှန်အခြေအနေ သုံးရပ်ခွဲခြားပြီးတော့ အမှတ်ပေးစနစ်နဲ့ ပြန်လည်စိစစ်သုံးသပ်ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီအချက် (၁၀)ချက်ကတော့ လုံခြုံရေးအခြေအနေတည်ငြိမ်အေးချမ်းမှုမရှိခြင်း၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်း၊ ဆက်သွယ်ရေးစနစ်ခက်ခဲခြင်း၊ ကုန်စျေးနှုန်းကြီးမြင့်ခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝမရရှိခြင်း၊ ပညာရေးစနစ်ဖွံ့ဖြိုးမှုနောက်ကျခြင်း၊ လျှပ်စစ်ဓာတ်အားလုံလောက်စွာမရရှိခြင်း၊ စီးပွားရေးလုပ်ငန်းများ ဖြစ်ထွန်းမှုနည်းပါးခြင်း၊ ရာသီဥတုဆိုးရွားခြင်း၊ လူမှုပတ်ဝန်းကျင် အခက် အခဲများရှိခြင်းဆိုတဲ့ အချက်တွေဖြစ်ပါတယ်။ ဒီအချက်တွေအရ သုံးသပ်ရရှိတဲ့ အစီရင်ခံစာကို ပြည်ထောင်စုအဆင့်စိစစ်ရေးကော်မတီကို တင်ပြတဲ့အခါမှာ ဒီခွင့်ပြုမယ့်ဒေသစရိတ်နှုန်းထားတွေနဲ့ ပြန်လည်တွက်ချက်ပြီးတော့မှ ပြင်ဆင်သတ်မှတ်ပြီး ပြည်ထောင်စု

အစိုးရအဖွဲ့ကို တင်ပြပြီးတော့ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူး တင်ပါတယ်။

**တောင်ကုတ်မြို့မှ သံတွဲမြို့သို့ သွယ်ယူသည့် ၆၆ ကေဗွီ ဓာတ်အားလိုင်းမှတစ်ဆင့် ရွှေလှေကျေးရွာတွင် ဓာတ်အား ခွဲရုံ တည်ဆောက်ပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ သံတွဲမဲဆန္ဒနယ်မှ ဦးရဲထွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးရဲထွန်း(သံတွဲမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် အားလုံးပဲမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ သံတွဲမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွန်းဖြစ်ပါတယ်။ ကျွန်တော်တို့ ရခိုင်ပြည်နယ်ကို နိုင်ငံတော်မဟာဓာတ်အားလိုင်းစနစ်က လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးဖို့အတွက် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်ကတည်းက စပြီးလုပ်ဆောင်ခဲ့တာ ဒီနေ့ဆိုရင် ကျွန်တော်တို့ ရခိုင်တစ်ပြည်နယ်လုံးကို လျှပ်စစ်ဓာတ်အားရောက်ရှိနေပါတယ်။ ပထမဆုံး ၂၀၁၂-၂၀၁၃ ကနေစပြီးတော့ ဆောင်ရွက်ခဲ့တာမှာ တောင်ကုတ်မြို့ကတစ်ဆင့် သံတွဲမြို့ကို ဆက်သွယ်လာတဲ့ ၆၆ ကေဗွီဓာတ်အားလိုင်းဟာ ၅-၆-၂၀၁၄ ကပဲ ကျွန်တော်တို့ သံတွဲမြို့ကို ရောက်ရှိပြီးတော့ အခုဒီမဟာဓာတ်အားလိုင်းထဲက ဓာတ်အားစနစ်ကိုပဲ သုံးစွဲနေကြပြီဖြစ်ပါတယ်။ ဒီလိုသုံးစွဲရာမှာ မဟာဓာတ်အားလိုင်းထဲက ဓာတ်အားကို နဂိုမူလသွယ်တန်းပြီးသား၊ ရှိပြီးသား ဓာတ်အားလိုင်းထဲကိုပဲ ထည့်ပေးထားတာဖြစ်ပါတယ်။ တိုးချဲ့ပြီးတော့ ဆက်သွယ် ရတာမရှိသေးပါဘူး။ အခုတောင်ကုတ်ကနေ သံတွဲကိုလာတဲ့ ၆၆ ကေဗွီဓာတ်အားလိုင်းဟာ လမ်းမှာ ရွှေလှေဆိုတဲ့ရွာကြီးကို ဖြတ်သွားရပါတယ်။ ဒီရွှေလှေရွာကြီးကနေပြီးတော့လည်း သူဌေးရေအားလျှပ်စစ်စီမံကိန်းကိုလည်း ရွှေလှေရွာကြီးကပဲသွားပါတယ်။ သူဌေးရေအားလျှပ်စစ်စီမံကိန်းအတွက် လိုအပ်တဲ့ ၆၆ ကေဗွီလိုင်းကိုလည်း ဒီရွှေလှေရွာကပဲတစ်ဆင့် ခုဆက်သွယ်လို့ပြီးသွားပါပြီ။ ဒီတော့ ရွှေလှေရွာကြီးဟာ တိုက်နယ်အဆင့်ရွာကြီးဖြစ်ပြီးတော့ အ.ထ.ကကျောင်း၊ ပြီးတော့ ရဲစခန်း၊ တိုက်နယ်ဆေးရုံတွေနဲ့ မြို့အဆင့် စည်ကားနေတာဖြစ်ပါတယ်။ ဒီတော့ ဒီရွှေလှေရွာမှာ တောင်ကုတ်ကလာတဲ့ ၆၆ ကေဗွီလိုင်းမှတစ်ဆင့် ဓာတ်အားခွဲရုံပြုလုပ်ပြီးတော့ ရွှေလှေရွာရဲ့အနီးပတ်ဝန်းကျင် လက်လှမ်းမီတဲ့ ကျေးရွာအုပ်စု ၁၂ အုပ်စု၊ ရွာပေါင်း ၄၀ လောက်ကို လျှပ်စစ်ဓာတ်အားပေးနိုင်လို့ရှိရင် အဲဒီကျေးရွာသူ/ကျေးရွာသားတွေ အနေနဲ့ ၂၄ နာရီလျှပ်စစ်ဓာတ်အားကို ခံစားရမှာဖြစ်ပါတယ်။ ဒါ့အပြင် ရွှေလှေနဲ့နီးစပ်တဲ့ ပင်လယ်ကမ်းခြေကျေးရွာတွေဖြစ်တဲ့ ရေလုပ်ငန်းဖွံ့ဖြိုးတဲ့ကျေးရွာတွေမှာလည်း သူတို့မှာအဓိက

လိုအပ်ချက်ဖြစ်တဲ့ လောင်စာစွမ်းအင်ကိုလည်း လျှပ်စစ်ကနေသုံးလို့ရလို့ရှိရင် ဒီထင်းတို့၊ မီးသွေးတို့ကို အပိုမကုန်ကျဘဲနဲ့ သစ်တောပြုန်းတီးမှုကိုလည်း ကာကွယ်နိုင်မှာဖြစ်ပါတယ်။ လျှပ်စစ်ဓာတ်အားကိုရလို့ရှိရင်လည်း အိမ်သုံးလျှပ်စစ်အနေနဲ့တင်မဟုတ်ဘဲနဲ့ စက်မှုလုပ်ငန်းငယ်လေးများကိုပါ လုပ်နိုင်လာတဲ့အတွက် ဒါဟာဒေသအနေနဲ့ဖွံ့ဖြိုးလာမှာလည်းဖြစ်ပါတယ်။ ဒါကြောင့် ဒီရွှေလေ့ ကျေးရွာကြီးမှာ ဓာတ်အားခွဲရုံ ထိုင်ပြီးတော့ ၆၆ ကေဗွီဓာတ်အားလိုင်းမှတစ်ဆင့် ဓာတ်အားခွဲရုံပြုလုပ်ပြီးတော့ ပတ်ဝန်းကျင်ကျေးရွာအုပ်စု ၁၂ အုပ်စု၊ ကျေးရွာပေါင်း ၄၀ ကို လာမယ့် အခု ၂၀၁၅-၂၀၁၆ ဖြည့်စွက်ဘဏ္ဍာရေး၊ ဘဏ္ဍာရန်ပုံငွေ သို့မဟုတ် လာမယ့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် အဲဒီဓာတ်အားခွဲရုံကို ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ မေးမြန်းအပ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအောင်သန်းဦး(ဒုတိယဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးများအားလုံး ကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့ကြပါစေရန် နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးအောင်သန်းဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရခိုင်ပြည်နယ်၊ သံတွဲမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွန်းရဲ့ မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနကိုယ်စား ပြန်လည်ဖြေကြားသွားမှာဖြစ်ပါတယ်။ ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ် ရွှေလေ့ကျေးရွာနှင့် ပတ်ဝန်းကျင်ရွာပေါင်း ၄၇ ရွာ ဓာတ်အားရရှိရေးအတွက် ၂၃၀/၆၆ ကေဗွီ တောင်ကုတ်ပင်မဓာတ်အားခွဲရုံကနေပြီးတော့မှ သံတွဲမြို့နှင့်ဆက်သွယ်ထားတဲ့ ၆၆ ကေဗွီ ဓာတ်အားလိုင်းကနေဆက်ပြီးတော့မှ ၆၆ ကေဗွီ ဓာတ်အားလိုင်း ၁ မိုင်နှင့် ၆၆/၁၁ ကေဗွီ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံတစ်ရုံကို ရွှေလေ့ကျေးရွာမှာ တည်ဆောက်ဖို့အတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ဘတ်ဂျက်ရန်ပုံငွေ လျာထားစဉ်က မူလကထည့်သွင်းတောင်းခံခဲ့သော်လည်းပဲ ရန်ပုံငွေခွင့်ပြုပေးနိုင်မှုအခြေအနေအရ ပါဝင်နိုင်ခဲ့ခြင်းမရှိခဲ့ပါဘူး။ ဒါကြောင့်မို့ ရွှေလေ့ကျေးရွာမှာ ၆၆/၁၁ ကေဗွီ ၅ အမ်ဗွီအေဓာတ်အားခွဲရုံတစ်ရုံကို လာမည့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရဲ့ဘတ်ဂျက်ရန်ပုံငွေမှာ ထပ်မံတင်ပြတောင်းခံပြီးတော့မှ ဘဏ္ဍာငွေရရှိပါက ဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း လေးစားစွာဖြင့် တင်ပြဖြေကြားအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် ပြီးပါပြီ။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့လာသော မြန်မာနိုင်ငံကြက်ခြေနီအသင်းဥပဒေကြမ်းကို လက်ခံရရှိကြောင်း လွှတ်တော်သို့အသိပေးတင်ပြခြင်းနှင့် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ကိုဆက်လက်ဆောင်ရွက်မှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးပြီးပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့လာသော မြန်မာနိုင်ငံကြက်ခြေနီအသင်းဥပဒေကြမ်းကို ၁၉-၆-၂၀၁၅ ရက်နေ့တွင် လက်ခံရရှိခဲ့ပါတယ်။ ကိုယ်စားလှယ်များလေ့လာနိုင်ရန် ဥပဒေကြမ်းမိတ္တူကိုလည်း ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းဖို့ဖြစ်ပါတယ်။ အစီရင်ခံစာတင်သွင်းရန် ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးသိန်းထွန်းဦး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး အမရပူရမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးသိန်းထွန်းဦးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကော်မတီရဲ့အစီရင်ခံစာကို ကော်မတီဥက္ကဋ္ဌရဲ့တာဝန်ပေးချက်အရ လွှတ်တော်သို့ဖတ်ကြားတင်ပြသွားမှာဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်များဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာနိုင်ငံကြက်ခြေနီအသင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာ -

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့လာသော မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ ၁၅-၆-၂၀၁၅ ရက်နေ့၌ တင်သွင်းခဲ့ပြီး ၁၉-၆-၂၀၁၅ ရက်နေ့ အမျိုးသားလွှတ်တော်အစည်းအဝေးတွင် ပြင်ဆင်ချက်များဖြင့် အတည်ပြုပြီးနောက် ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ပေးပို့လာပါသည်။

၂။ ဤဥပဒေကြမ်းကို မြန်မာနိုင်ငံကြက်ခြေနီအသင်းက အောက်ဖော်ပြပါ ရည်ရွယ်ချက်များဖြင့် ရေးဆွဲထားခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည် -

**မူကြမ်း**

(က) မြန်မာနိုင်ငံကြက်ခြေနီအသင်းအက်ဥပဒေကို ခေတ်ကာလနှင့် လျော်ညီမှုရှိစေရန်၊

(ခ) မြန်မာနိုင်ငံ ကြက်ခြေနီအသင်းသည် အပြည်ပြည်ဆိုင်ရာကြက်ခြေနီလှုပ်ရှားမှု အဖွဲ့ဝင်နိုင်ငံ(၁၈၉)နိုင်ငံတွင် ပါဝင်သော အမျိုးသားကြက်ခြေနီအသင်းတစ်သင်းဖြစ်သည့်အားလျော်စွာ အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လှုပ်ရှားမှုများကို ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရန်။

၃။ ဤဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၂၃-၆-၂၀၁၅ ရက်နေ့နှင့် ၃၀-၆-၂၀၁၅ ရက်နေ့တို့တွင် ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ ဥပဒေပြုရေးဆိုင်ရာပူးပေါင်း ဆောင်ရွက်ရေးလုပ်ငန်းကော်မတီအဖွဲ့ဝင်များနှင့်မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခဒေါက်တာသာလှရွှေအပါအဝင် တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေးကျင်းပပြုလုပ်ခဲ့ပြီး ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ ပါ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များကို လေ့လာစိစစ်ခဲ့ရာတွေ့ရှိချက်နှင့် ပြင်ဆင်ရန်တင်ပြချက် စာမျက်နှာ ၈ မျက်နှာအပါအစီရင်ခံစာနှင့် စာမျက်နှာ ၂၃ မျက်နှာပါ ကော်မတီ၏စိစစ်ချက်ဇယားတို့ကို လွှတ်တော်သို့ဖြန့်ဝေထားပြီးဖြစ်တဲ့အတွက် လွှတ်တော်၏အချိန်အရ ဖတ်ကြားခြင်းမပြုသည်ကို ခွင့်ပြုပေးနိုင်ပါရန်လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

၄။ သို့ဖြစ်ပါ၍ လွှတ်တော်သို့ ဖြန့်ဝေထားသော မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥပဒေကြမ်းကိုလွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရစိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နဲ့အညီ လွှတ်တော်သို့ လေးစားစွာအစီရင်ခံတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

[အစီရင်ခံစာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့လာသော မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ ၁၅-၆-၂၀၁၅ ရက်နေ့၌ တင်သွင်းခဲ့ပြီး ၁၉-၆-၂၀၁၅ ရက်နေ့ အမျိုးသားလွှတ်တော်အစည်းအဝေးတွင် ပြင်ဆင်ချက်များဖြင့် အတည်ပြုပြီးနောက် ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် အထက်ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါသည်။

၂။ ဤဥပဒေကြမ်းကို မြန်မာနိုင်ငံကြက်ခြေနီအသင်းက အောက်ဖော်ပြပါ ရည်ရွယ်ချက်များဖြင့် ရေးဆွဲထားခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည် -

(က) မြန်မာနိုင်ငံ ကြက်ခြေနီအသင်းအက်ဥပဒေကို ခေတ်ကာလနှင့် လျော်ညီမှုရှိ စေရန်၊

(ခ) မြန်မာနိုင်ငံ ကြက်ခြေနီအသင်းသည် အပြည်ပြည်ဆိုင်ရာကြက်ခြေနီလှုပ်ရှားမှု အဖွဲ့ဝင်နိုင်ငံ (၁၈၉)နိုင်ငံတွင် ပါဝင်သော အမျိုးသားကြက်ခြေနီအသင်း တစ်သင်း ဖြစ်သည့် အားလျော်စွာ အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာ ထောက်ထားမှု ဆိုင်ရာလှုပ်ရှားမှုများကို ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရန်။

၃။ ဤဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၂၃-၆-၂၀၁၅ ရက်နေ့နှင့် ၃၀-၆-၂၀၁၅ ရက်နေ့တို့တွင် ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ ဥပဒေပြုရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းကော်မတီအဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခဒေါက်တာ သာလှရွှေ အပါအဝင် တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေး ကျင်းပပြုလုပ်ခဲ့ပြီး ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ ပါ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များကို လေ့လာစိစစ်ခဲ့ရာ တွေ့ရှိချက်နှင့် ပြင်ဆင်ရန်တင်ပြချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(၁) ဤဥပဒေကြမ်းတွင် အခန်းပေါင်း (၁၃)ခန်းနှင့် ပုဒ်မပေါင်း(၃၉)ခုပါရှိပါသည်။

(၂) ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် အမျိုးသားလွှတ်တော်၏ ပြင်ဆင် အတည်ပြုချက်များအနက် အချက် (၄၁)ချက်ကို သဘောတူ လက်ခံခဲ့ပါသည်။

(၃) အခန်း(၁)၊ အပိုဒ် ၂ အပိုဒ်ခွဲ(ဃ)အဖြစ် ဝန်ကြီးဌာနဆိုသည်မှာ ပြည်ထောင်စု အစိုးရ ကျန်းမာရေးဝန်ကြီးဌာနကို ဆိုသည်ဟု အသစ်ဖြည့်စွက်ပါသည်။

(၄) အပိုဒ် ၂ အပိုဒ်ခွဲ(ဃ)ကို အပိုဒ်ခွဲ(င)အဖြစ် ပြင်ဆင်ပြီး၊ ယင်းအပိုဒ်ကို ကြက်ခြေနီ အခြေခံမူများဆိုသည်မှာ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီလှုပ်ရှားမှု၏ အခြေခံမူ ခုနစ်ချက်ဖြစ်သော လူသားချင်းစာနာထောက်ထားခြင်း၊ ခွဲခြားမှုမရှိခြင်း၊

ကြားနေခြင်း၊ လွတ်လပ်ခြင်း၊ စေတနာ့ဝန်ထမ်းအကျိုးဆောင်ခြင်း၊ စည်းလုံး ညီညွတ်ခြင်းနှင့် ကမ္ဘာတစ်ဝန်း ပျံ့နှံ့ခြင်းတို့ကိုဆိုသည်ဟု ပြင်ဆင်ပါသည်။

(၅) အခန်း(၂)၊ အပိုဒ် ၆ ကို အသင်းသည် နိုင်ငံတော်က ထုတ်ပြန်ထားသော ဥပဒေများ နှင့်အညီ ဂျီနီဗာသဘောတူညီချက်များ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီညီလာခံက အတည်ပြုသော အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီ လှုပ်ရှားမှုဆိုင်ရာ အခြေခံမူများ၊ မူဝါဒများ၊ ဆုံးဖြတ်ချက်များနှင့်အညီ အမြဲတမ်း လိုက်နာ လုပ်ကိုင်ဆောင်ရွက်ရမည်ဟုပြင်ဆင်ပါသည်။

(၆) အပိုဒ် ၇ ကို အပိုဒ် ၄၀ အဖြစ် ပြင်ဆင်ပြီး၊ ယင်းအပိုဒ်ကို ဤဥပဒေပါ လုပ်ငန်း များကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အလို့ငှာ အသင်းသည် အမိန့် ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင် သည်ဟု ပြင်ဆင်ပါသည်။

(၇) အပိုဒ် ၉ ကို အပိုဒ် ၈ အဖြစ် ပြင်ဆင်ပြီး၊ ယင်းအပိုဒ်ရှိ နည်းဥပဒေများ စကားရပ်ကို လမ်းညွှန်ချက်များဟု ပြင်ဆင်ပါသည်။

(၈) အပိုဒ် ၁၀ ကို အပိုဒ် ၉ အဖြစ် ပြင်ဆင်ပြီး၊ ယင်းအပိုဒ်ကို အသင်းသည် လူမှု ကရုဏာလုပ်ငန်းနယ်ပယ်များတွင် နိုင်ငံတော်၏ အရန်အင်အားအဖြစ် ပါဝင် ဆောင်ရွက်ပေးခြင်းဖြင့် အပြန်အလှန် တာဝန်ယူမှုနှင့် အကျိုးကျေးဇူးများ ဖြစ်ထွန်း စေရန် ပူးပေါင်းဆောင်ရွက်ရမည်ဟု ပြင်ဆင်ပါသည်။

(၉) အပိုဒ် ၁၁ ကို အပိုဒ် ၁၀ အဖြစ် ပြင်ဆင်ပြီး၊ ယင်းအပိုဒ်ရှိ ပြဋ္ဌာန်းချက်ဥပဒေများ စကားရပ်ကို ဆုံးဖြတ်ချက်များဟု ပြင်ဆင်ပါသည်။

(၁၀) အပိုဒ် ၁၂ ကို အပိုဒ် ၁၁ အဖြစ် ပြင်ဆင်ပြီး၊ ယင်းအပိုဒ်ရှိ အောင်မြင်ရန်အတွက် စကားရပ်ကို အောင်မြင်ရန်ဟု ပြင်ဆင်ပါသည်။

(၁၁) အပိုဒ် ၁၃ ကို အပိုဒ် ၁၂ အဖြစ် ပြင်ဆင်ပြီး၊ ယင်းအပိုဒ်ကို အသင်းသည် အစိုးရ အဖွဲ့နှင့် ဆက်သွယ်ဆောင်ရွက်ရာတွင်လည်းကောင်း၊ လူမှုကရုဏာလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်းကောင်း၊ အစိုးရအဖွဲ့က ဝန်ကြီးဌာနမှတစ်ဆင့် လုပ်ငန်း

ကဏ္ဍအလိုက် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ဆက်သွယ်ဆောင်ရွက်ခွင့်ရှိသည်ဟုပြင်ဆင်ပါသည်။

(၁၂) အပိုဒ် ၁၄ ကို အပိုဒ် ၁၃ အဖြစ် ပြင်ဆင်ပြီး၊ ယင်းအပိုဒ်ရှိ တရားစွဲဆိုပိုင်ခွင့်၊ တရားစွဲဆိုခံနိုင်ခွင့်စကားရပ်ကို တရားစွဲဆိုပိုင်ခွင့်နှင့် တရားစွဲဆိုခံနိုင်ခွင့်ဟု ပြင်ဆင်ပါသည်။

(၁၃) အပိုဒ် ၁၅ အပိုဒ်ခွဲ(က)ကို အပိုဒ် ၁၄ အပိုဒ်ခွဲ(က)အဖြစ် ပြင်ဆင်ပြီး၊ ယင်းအပိုဒ်ခွဲရှိ ၁၉၄၉ ခုနှစ် စကားရပ်နှင့် ကြက်ခြေနီလုပ်ငန်းနှင့် စပ်လျဉ်း၍ စကားရပ်တို့ကို ပယ်ဖျက်ပါသည်။

(၁၄) အပိုဒ် ၁၅ အပိုဒ်ခွဲ(ခ)ကို အပိုဒ် ၁၄ အပိုဒ်ခွဲ(ခ)အဖြစ် ပြင်ဆင်ပြီး၊ ယင်းအပိုဒ်ခွဲရှိ ဆင်းရဲဒုက္ခ နည်းပါးသက်သာစေရန် အတွက် စကားရပ်ကို ပယ်ဖျက်ပါသည်။

(၁၅) အပိုဒ် ၁၅ အပိုဒ်ခွဲ(င)ကို အပိုဒ် ၁၄ အပိုဒ်ခွဲ(င)အဖြစ် ပြင်ဆင်ပြီး၊ ယင်းအပိုဒ်ခွဲရှိ နှင့် ဦးဆောင် အဖွဲ့အစည်းတစ်ရပ်ဖြစ်လာစေရန် စကားရပ်ကို ပယ်ဖျက်ပါသည်။

(၁၆) အပိုဒ် ၁၅ အပိုဒ်ခွဲ(ဆ)ကို အပိုဒ် ၁၄ အပိုဒ်ခွဲ(ဆ)အဖြစ် ပြင်ဆင်ပြီး၊ ယင်း အပိုဒ်ခွဲရှိ လူသားချင်း စာနာထောက်ထားသော တုံ့ပြန်မှုစကားရပ်ကို လူသားချင်းစာနာထောက်ထားမှုဟု ပြင်ဆင်ပါသည်။

(၁၇) အပိုဒ် ၁၇ ကို အပိုဒ် ၁၆ အဖြစ် ပြင်ဆင်ပြီး၊ ယင်းအပိုဒ်ရှိ အစိုးရဌာနအဖွဲ့အစည်းများစကားရပ်ကို အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများဟု ပြင်ဆင်ပါသည်။

(၁၈) အပိုဒ် ၁၉ အပိုဒ်ခွဲ(က)ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

၁၈။(က) နေပြည်တော်ကောင်စီ နယ်မြေက ရွေးချယ်တင်မြှောက်သော ကိုယ်စားလှယ် တစ်ဦး၊

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များမှ ရွေးချယ် တင်မြှောက် သည့် ကိုယ်စားလှယ်တစ်ဦးစီ၊

**မူကြမ်း**

(၁၉) အပိုဒ် ၁၉ အပိုဒ်ခွဲ(ခ)ကို အပိုဒ် ၁၈ အပိုဒ်ခွဲ(ဂ)အဖြစ် ပြင်ဆင်ပြီး၊ ယင်းအပိုဒ်ခွဲကို ကြက်ခြေနီလုပ်ငန်းနှင့် ဆက်စပ်သည့် ဝန်ကြီးဌာနများမှ အဆိုပြုသည့် ညွှန်ကြားရေးမှူးချုပ် ရာထူးအောက်မနိမ့်သော ကိုယ်စားလှယ် ၁၃ ဦးဟု ပြင်ဆင်ပါသည်။

(၂၀) အပိုဒ် ၁၉ အပိုဒ်ခွဲ(ဂ)ကို အပိုဒ် ၁၈ အပိုဒ်ခွဲ(ဃ)အဖြစ် ပြင်ဆင်ပြီး၊ ယင်းအပိုဒ်ခွဲရှိ လူမှုအဖွဲ့အစည်းများမှ (၁၀)ဦး စကားရပ်ကို လူမှုအဖွဲ့အစည်းများမှ ရွေးချယ်တင်မြှောက်သည့် ၁၀ ဦးဟု ပြင်ဆင်ပါသည်။

(၂၁) အပိုဒ် ၁၉ အပိုဒ်ခွဲ(ဃ)ကို အပိုဒ် ၁၈ အပိုဒ်ခွဲ(င)အဖြစ် ပြင်ဆင်ပြီး၊ ယင်းအပိုဒ်ခွဲကို အစိုးရအဖွဲ့က အဆိုပြုသူ ၁၀ ဦးဟု ပြင်ဆင်ပါသည်။

(၂၂) အပိုဒ် ၁၉ အပိုဒ်ခွဲ(င)ကို အပိုဒ် ၁၈ အပိုဒ်ခွဲ(စ)အဖြစ် ပြင်ဆင်ပြီး၊ ယင်းအပိုဒ်ခွဲကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကြက်ခြေနီ ကြီးကြပ်မှုကော်မတီနှင့် နေပြည်တော်ကောင်စီနယ်မြေ ကြက်ခြေနီကြီးကြပ်မှုကော်မတီတို့မှ အဆိုပြုသော ကြက်ခြေနီအသင်းဝင်တစ်ဦးစီဟု ပြင်ဆင်ပါသည်။

(၂၃) အပိုဒ် ၂၀ ကို အပိုဒ် ၁၉ အပိုဒ်ခွဲ(က)အဖြစ် ပြင်ဆင်ပြီး၊ ယင်းအပိုဒ်ခွဲကို ဗဟိုကောင်စီသည် ဗဟိုကောင်စီဝင်များထဲမှ အဖွဲ့ဝင် ၁၁ ဦးပါဝင်သော ဗဟိုအလုပ်အမှုဆောင်အဖွဲ့ကို ရွေးချယ်တင်မြှောက်ရမည်ဟု ပြင်ဆင်ပါသည်။

(၂၄) အပိုဒ် ၁၉ အပိုဒ်ခွဲ(ခ)အဖြစ် ပုဒ်မခွဲ(က)အရ ရွေးချယ်တင်မြှောက်ခြင်းခံရသည့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များသည် မိမိတို့ အဖွဲ့ဝင်များအနက်မှ ဥက္ကဋ္ဌ တစ်ဦး၊ ဒုတိယဥက္ကဋ္ဌတစ်ဦး၊ အထွေထွေအတွင်းရေးမှူးတစ်ဦး၊ အချိန်ပြည့် ဗဟိုအလုပ်အမှုဆောင်နှစ်ဦးနှင့် အချိန်ပိုင်း ဗဟိုအလုပ်အမှုဆောင် ခြောက်ဦးတို့ကို ရွေးကောက်တင်မြှောက်ရမည်ဟု အသစ်ဖြည့်စွက်ပါသည်။

(၂၅) အပိုဒ် ၂၁ အဖြစ် ဗဟိုကောင်စီနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့တို့၏ တာဝန်များသည် အထွေထွေညီလာခံက ဗဟိုကောင်စီနှင့် ဗဟိုအလုပ်အမှု ဆောင်အဖွဲ့

အသစ်တို့ကို ရွေးချယ်ပြီးသည့် နေ့ရက်တွင် ကုန်ဆုံးသည်ဟု အသစ်ဖြည့်စွက်ပါသည်။

(၂၆) အခန်း(၆)၊ အပိုဒ် ၂၂ အပိုဒ်ခွဲ(ခ)ကို အထွေထွေညီလာခံသည် အသင်းအဆင့်ဆင့် အားလုံးကို ကိုယ်စားပြုသည်ဟု ပြင်ဆင်ပါသည်။

(၂၇) အပိုဒ် ၂၂ အပိုဒ်ခွဲ(ဂ)ရှိ ရွေးချယ်တင်မြှောက်ခွင့်ရှိသည် စကားရပ်ကို ရွေးချယ်တင်မြှောက်ရမည်ဟု ပြင်ဆင်ပါသည်။

(၂၈) အပိုဒ် ၂၂ အပိုဒ်ခွဲ(င)ကို အထွေထွေ ညီလာခံ၏ ဆုံးဖြတ်ချက်အရ ဤဥပဒေကို ပြင်ဆင်ရန်ရှိပါက ဝန်ကြီးဌာနသို့ တင်ပြရမည်ဟု ပြင်ဆင်ပါသည်။

(၂၉) အခန်း(၇)၊ အပိုဒ် ၂၃ အပိုဒ်ခွဲ(ဂ)ရှိ ရွေးချယ်တင်မြှောက်ခွင့်ရှိသည် စကားရပ်ကို ရွေးချယ်တင်မြှောက်ရမည်ဟု ပြင်ဆင်ပါသည်။

(၃၀) အပိုဒ် ၂၃ အပိုဒ်ခွဲ(ဃ)အဖြစ် ဗဟိုကောင်စီသည် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်နေရာလစ်လပ်ပါက အဖွဲ့ဝင်အသစ်ကို သတ်မှတ်ချက်များနှင့်အညီ ရွေးချယ်ပေးရမည်ဟု အသစ်ဖြည့်စွက်ပါသည်။

(၃၁) အပိုဒ် ၂၃ အပိုဒ်ခွဲ(င)ကို အပိုဒ် ၂၃ အပိုဒ်ခွဲ(စ)အဖြစ် ပြင်ဆင်ပြီး၊ ယင်းအပိုဒ်ခွဲကို လိုအပ်ပါက လုပ်ငန်းကော်မတီများကို ဖွဲ့စည်း၍ ယင်းတို့၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်းနှင့် ကြီးကြပ်ခြင်းတို့ကိုဆောင်ရွက်ရမည်ဟု ပြင်ဆင်ပါသည်။

(၃၂) အပိုဒ် ၂၃ အပိုဒ်ခွဲ(စ)ကို အပိုဒ် ၂၃ အပိုဒ်ခွဲ(ဆ)အဖြစ် ပြင်ဆင်ပြီး၊ ယင်းအပိုဒ်ခွဲရှိ ရသုံးခန့်မှန်းခြေ စကားရပ်ကို အရအသုံးခန့်မှန်းခြေဟု ပြင်ဆင်ပါသည်။

(၃၃) အပိုဒ် ၂၃ အပိုဒ်ခွဲ(ဆ)ကို အပိုဒ် ၂၃ အပိုဒ်ခွဲ(ဇ)အဖြစ် ပြင်ဆင်ပြီး၊ ယင်းအပိုဒ်ခွဲရှိ စည်းမျဉ်းစကားရပ်ကို စည်းမျဉ်းစည်းကမ်းဟု ပြင်ဆင်ပါသည်။

(၃၄) အပိုဒ် ၂၃ အပိုဒ်ခွဲ(ဇ)ကို အပိုဒ် ၂၃ အပိုဒ်ခွဲ(ဈ)အဖြစ် ပြင်ဆင်ပြီး၊ ယင်းအပိုဒ်ခွဲရှိ အသင်းဘဏ္ဍာရန်ပုံငွေ သို့မဟုတ် စကားရပ်ကို အသင်းပိုင်ငွေနှင့်ဟုလည်းကောင်း၊ စည်းမျဉ်းစကားရပ်ကို စည်းမျဉ်းစည်းကမ်းဟုလည်းကောင်း အသီးသီး ပြင်ဆင်ပါသည်။

**မူကြမ်း**

(၃၅) အပိုဒ် ၂၄ ရှိ သတ်မှတ်ထားသော စကားရပ်ကို ပယ်ဖျက်ပါသည်။

(၃၆) အခန်း(၈)၊ အပိုဒ် ၂၅ အပိုဒ်ခွဲ(က)ကို အသင်း၏ စီမံခန့်ခွဲရေးလုပ်ငန်းများကို ဆောင်ရွက်ရမည်ဟု ပြင်ဆင်ပါသည်။

(၃၇) အပိုဒ် ၂၅ အပိုဒ်ခွဲ(ခ)နှင့် အပိုဒ်ခွဲ(ဃ)တို့ရှိ ကြက်ခြေနီစကားရပ်ကို ပယ်ဖျက်ပါသည်။

(၃၈) အပိုဒ် ၂၅ အပိုဒ်ခွဲ(ဃ)ရှိ ရသုံးခန့်မှန်းခြေစကားရပ်ကို အရအသုံးခန့်မှန်းခြေဟု ပြင်ဆင်ပါသည်။

(၃၉) အပိုဒ် ၂၅ အပိုဒ်ခွဲ(စ)ရှိ လွှဲပြောင်းခြင်းစကားရပ်ကို ပယ်ဖျက်ပါသည်။

(၄၀) အပိုဒ် ၂၅ အပိုဒ်ခွဲ(ဈ)ကို လိုအပ်ပါက လုပ်ငန်းကော်မတီများကို ဖွဲ့စည်း၍ ယင်းတို့၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်းနှင့်ကြီးကြပ်ခြင်းတို့ကို ဆောင်ရွက်ရမည်ဟု ပြင်ဆင်ပါသည်။

(၄၁) အပိုဒ် ၂၅ အပိုဒ်ခွဲ(ည)ရှိ ဗဟိုကောင်စီသို့ တင်ပြရမည်ဟု စကားရပ်ကို ဗဟိုကောင်စီ၏ သဘောတူညီချက်ဖြင့် ဆောင်ရွက်ရမည်ဟု ပြင်ဆင်ပါသည်။

(၄၂) အပိုဒ် ၂၅ အပိုဒ်ခွဲ(ဋ)ရှိ စည်းမျဉ်းတွင် စကားရပ်ကို စည်းမျဉ်းစည်းကမ်းများတွင်ဟုပြင်ဆင်ပါသည်။

(၄၃) အပိုဒ် ၂၅ အပိုဒ်ခွဲ(ဍ)၊ အပိုဒ် ၃၅၊ အပိုဒ် ၃၇ နှင့် အပိုဒ် ၃၈ တို့ကို ပယ်ဖျက်ပါသည်။

(၄၄) အပိုဒ် ၂၅ အပိုဒ်ခွဲ(ထ)ကို အပိုဒ် ၂၅ အပိုဒ်ခွဲ(တ)အဖြစ် ပြင်ဆင်ပြီး၊ ယင်းအပိုဒ်ခွဲ ရှိ အသင်း၊ ကြက်ခြေနီသူနာပြု တပ်ဖွဲ့များနှင့်စပ်လျဉ်း၍ စကားရပ်ကို အသင်းဝင်နှင့် ကြက်ခြေနီသူနာပြု တပ်ဖွဲ့ဝင်တို့ကိုဟု ပြင်ဆင်ပါသည်။

(၄၅) အခန်း(၉)၊ အပိုဒ် ၂၇ ကို ဝန်ကြီးဌာနသည် အသင်း၏ ရည်ရွယ်ချက်များနှင့် လုပ်ငန်းနယ်ပယ်များအတွင်း လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်

နိုင်ရန် သင့်လျော်သော ရန်ပုံငွေလျာထားပေးနိုင်ရေးအတွက် အစိုးရအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ရမည်ဟု ပြင်ဆင်ပါသည်။

(၄၆) အပိုဒ် ၂၉ ကို အသင်းသည် ထောက်ပံ့ငွေနှင့်အကူအညီများကို ပြည်တွင်း၊ ပြည်ပ အစိုးရအဖွဲ့များထံမှဖြစ်စေ၊ ပုဂ္ဂလိက သို့မဟုတ် အဖွဲ့အစည်းများထံမှဖြစ်စေ၊ တစ်ဦးချင်းထံမှဖြစ်စေ လက်ခံ၍ သတ်မှတ်ချက်များနှင့်အညီ သုံးစွဲခွင့်ရှိသည်ဟု ပြင်ဆင်ပါသည်။

(၄၇) အပိုဒ် ၃၁ ကို အိမ်ခြံမြေများ အပါအဝင်အသင်း၏ ဥပဒေနှင့်အညီ ပိုင်ဆိုင် ပစ္စည်းများနှင့် ရန်ပုံငွေရှာဖွေရေးလုပ်ငန်းများမှ ဝင်ငွေများအပေါ်တွင် အခွန်အကောက်များ စည်းကြပ်ခြင်းမှ ကင်းလွတ်ခွင့်ရရှိရန် ဝန်ကြီးဌာနမှတစ်ဆင့် သက်ဆိုင်ရာ ဝန်ကြီးဌာနသို့ လျှောက်ထားနိုင်သည်ဟု ပြင်ဆင်ပါသည်။

(၄၈) အပိုဒ် ၃၂ ကို ပုဂ္ဂိုလ်နှင့်အဖွဲ့အစည်းတို့၏ လှူဒါန်းငွေနှင့် ပစ္စည်းများအပေါ် အခွန်ကင်းလွတ်ခွင့်ရရှိစေရန် ဝန်ကြီးဌာနမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနသို့ လျှောက်ထားနိုင်သည်ဟု ပြင်ဆင်ပါသည်။

(၄၉) အပိုဒ် ၃၃ ရှိ စစ်ဆေးခံရမည်စကားရပ်ကို စစ်ဆေးခြင်းခံရယူရမည်ဟု ပြင်ဆင်ပါသည်။

(၅၀) အခန်း(၁၆) အပိုဒ် ၃၄ ကိုအောက်ပါအတိုင်း ပြင်ဆင်ပါသည် -

၃၄။ အသင်းသည် ဂျီနီဗာသဘော တူညီချက်များနှင့် ယင်းတို့၏ နောက်ဆက်တွဲသဘောတူညီချက်များ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီညီလာခံက အတည်ပြုသည့် အမျိုးသားအသင်းများ ကြက်ခြေနီ အမှတ်အသား အသုံးပြုခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီညီလာခံက ချမှတ်ထားသော ရည်ရွယ်ချက်အားလုံးအတွက် အတည်ပြုသည့် အောက်ပါ ကြက်ခြေနီအမှတ်အသားကို အသင်းက သုံးစွဲခွင့်ရှိသည် -

(၅၁) အပိုဒ် ၃၆ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

၃၅။ အသင်းသည်အောက်တွင် ဖော်ပြထားသည့်အတိုင်း အဖြူရောင် နောက်ခံပေါ်တွင် ကြက်ခြေနီအမှတ်အသားနှင့်အတူ ခြသေ့်နှစ်ကောင် ကျောချင်းကပ်လျက် ပါဝင်ပြီး မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဟု မြန်မာစာ ဖြင့်ရေးသားထားသည့် အမှတ်တံဆိပ်ကို အသင်း၏ ကိုယ်ပိုင်အမှတ်တံဆိပ်၊ ရုံးတံဆိပ်နှင့် အလံတို့တွင် အသုံးပြုခွင့်ရှိပြီး ယင်းအမှတ်တံဆိပ်သည် အသင်း၏ မူပိုင်ဖြစ်သည်-

(၅၂) အပိုဒ် ၃၆ အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည် -

၃၆။ အသင်းသည် လုပ်ငန်းများ ဆောင်ရွက်ရာတွင် အောက်ပါ အမှတ်တံဆိပ်ကို အသုံးပြုရမည် -

(၅၃) အခန်း(၁၁)၊ အပိုဒ် ၃၇ နှင့် အပိုဒ် ၃၈ တို့အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည် -

၃၇။ ၁၉၅၉ ခုနစ်၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း အက်ဥပဒေအရ ဖွဲ့စည်းထားသည့် ကြက်ခြေနီဗဟိုကောင်စီသည် ဤဥပဒေအရ ဖွဲ့စည်းသည့် ကြက်ခြေနီဗဟိုကောင်စီကို ဖွဲ့စည်းရန်အလို့ငှာ ကြက်ခြေနီညီလာခံကို ဤဥပဒေပြဋ္ဌာန်းပြီး တစ်နှစ်အတွင်း ခေါ်ယူကျင်းပရမည်။

၃၈။ အသင်းသည် ၁၉၅၉ ခုနှစ်၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း အက်ဥပဒေ အရ ဖွဲ့စည်းခဲ့သော ကြက်ခြေနီ ဗဟိုကောင်စီပိုင် ရန်ပုံငွေများကိုလည်းကောင်း၊ ရွှေ့ပြောင်းနိုင်သော ပစ္စည်းနှင့် မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကိုလည်းကောင်း၊ ယင်းကောင်စီ၏ ဆောင်ရွက်ပြီး လုပ်ငန်းများနှင့် ဆောင်ရွက်ဆဲလုပ်ငန်းများကိုလည်းကောင်း၊ ရပိုင်ခွင့်နှင့် ပေးရန်တာဝန်များကို လည်းကောင်း အသီးသီး ဆက်ခံရမည်။

(၅၄) အပိုဒ် ၄၀ ကို အပိုဒ် ၄၁ အဖြစ် ပြင်ဆင်ပြီး၊ ယင်းအပိုဒ်ကို ဤဥပဒေဖြင့် ၁၉၅၉ ခုနှစ်၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းအက်ဥပဒေ (၁၉၅၉ ခုနှစ်၊ အက်ဥပဒေအမှတ် ၂၅) ကို ရုပ်သိမ်းလိုက်သည်ဟု ပြင်ဆင်ပါသည်။

၄။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရစိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့လာသော မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥပဒေကြမ်းကိုဆွေးနွေး၍ ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့် ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာတို့ကို တိတိကျကျဖော်ပြ၍ ၇-၇-၂၀၁၅ ရက် (အင်္ဂါနေ့) နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်က သက်သေခံအက်ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းကို တင်သွင်းခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(က)အရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က သက်သေခံအက်ဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်း တင်သွင်းရန်ဖြစ်ပါတယ်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်အား ဥပဒေကြမ်းတင်သွင်းရန် ဖိတ်ခေါ်ပါတယ်။

**ဦးစိုးညွန့်(တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်)**။ ။ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးစိုးညွန့်ဖြစ်ပါတယ်။ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ တည်ဆဲသက်သေခံဥပဒေကို ၁၈၇၂ ခုနှစ်က ပြဋ္ဌာန်းခဲ့တာဖြစ်ပါတယ်။ ပြောင်းလဲလာတဲ့ ခေတ်နဲ့လျော်ညီစွာ သက်သေခံဥပဒေကိုပြင်ဆင်ဖို့ လိုအပ်လာပါတယ်။

အထူးသဖြင့် ယခု ITခေတ်မှာ စီးပွားရေး၊ လူမှုရေးလုပ်ငန်းများလုပ်ဆောင်ကြတဲ့ နေရာမှာ Fax တို့၊ Email တို့၊ Online တို့ စသည်တို့ဖြင့် အီလက်ထရောနစ်ကိရိယာများကို အသုံးပြုပြီးတော့ ဆောင်ရွက်ကြတာဖြစ်ပါတယ်။ ဒါကြောင့် အငြင်းပွားမှုများဖြစ်ပေါ်လာတဲ့အခါမှာ မှန်ကန်စွာ ဆုံးဖြတ်နိုင်ရန်အတွက် သက်သေခံဥပဒေမှာ သတင်းအချက်အလက်၊ နည်းပညာဆိုင်ရာ အီလက်ထရောနစ်မှတ်တမ်းများနှင့် စပ်လျဉ်းပြီးတော့ သက်သေခံဥပဒေကို ခေတ်နဲ့အညီပြင်ဆင်ရန် လိုအပ်လာပါတယ်။ ဒါကြောင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ခေတ်နဲ့လျော်ညီပြီး အပြည်ပြည်ဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်ကိုက်ညီတဲ့ သက်သေခံအက်ဥပဒေကိုပြင်ဆင်တဲ့ဥပဒေကို ရေးဆွဲပြီးတော့ ပြည်သူ့လွှတ်တော်က အတည်ပြုပြဋ္ဌာန်းပေးနိုင်ရေးအတွက် တင်သွင်းအပ်ပါတယ်ခင်ဗျား။

**သက်သေခံအက်ဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(ခ)အရ သက်သေခံအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တွေ့ရှိမှုအစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရန်ဖြစ်ပါတယ်။ ဖတ်ကြားရှင်းလင်းဖို့ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးစတီဖန်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကျန်းမာချမ်းသာပါစေလို့ ဆုမွန်ကောင်းတောင်းရင်းနှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကျိုင်းတုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးစတီဖန် ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော့်အနေနဲ့ သက်သေခံအက်ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ လေ့လာတွေ့ရှိချက် အစီရင်ခံစာကို ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ကိုယ်စား ဥက္ကဋ္ဌရဲ့တာဝန်ပေးချက်အရ ဖတ်ကြားရှင်းလင်းတင်ပြပေးသွားမှာဖြစ်ပါတယ်။

၁။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ပေးပို့လာသော သက်သေခံအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်ရုံးမှ ပြည်ထောင်စု လွှတ်တော်ဆိုင်ရာ

နည်းဥပဒေ ၈၀ နည်းဥပဒေခွဲ(က)အရ ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် အထက် ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါသည်။

၂။ သက်သေခံအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ပြည်ထောင်စုတရား လွှတ်တော်ချုပ်က အောက်ဖော်ပြပါ ကျိုးကြောင်းဖော်ပြချက်များနှင့် ပြင်ဆင်ရေးဆွဲ ထားကြောင်း လေ့လာတွေ့ရှိရပါသည် -

(က) ပြောင်းလဲလာသော ခေတ်ကာလနှင့် လျော်ညီစေရန်နှင့် အီလက်ထရွန်နစ် ဆိုင်ရာ အချက်အလက်များကို ကျယ်ပြန့်စွာ ထည့်သွင်းလိုခြင်း၊

(ခ) သက်သေခံအက်ဥပဒေမူရင်းပြဋ္ဌာန်းချက်တွင် ဝန်ခံချက်နှင့် စပ်လျဉ်း၍ ဖော်ပြပါရှိသော်လည်း ဖြောင့်ချက်နှင့်စပ်လျဉ်း၍ မပါရှိ၍ ဖြည့်စွက်ခြင်း။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၁-၇-၂၀၁၅ ရက်နေ့တွင် ညှိနှိုင်းအစည်းအဝေး ကျင်းပပြုလုပ်ခဲ့ပြီး ယင်းဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ လေ့လာစိစစ်ခဲ့ရာ တွေ့ရှိချက်နှင့် ပြင်ဆင်ရန် တင်ပြချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ပြင်ဆင်သည့် ဥပဒေကြမ်းတွင် အပိုဒ်ပေါင်း (၁၀) ခု ပါရှိပါသည်။

(ခ) အပိုဒ် ၂ ရှိ စာတမ်းအမှတ်အသား စကားရပ်ကို မူရင်းအက်ဥပဒေတွင် ပါရှိသည့်အတိုင်း Document ဟု လည်းကောင်း၊ အောက်ပါစကားရပ်များအတိုင်း စကားရပ်ကို အောက်ပါအတိုင်းဟုလည်းကောင်း ပြင်ဆင်ပါသဖြင့် ဤဥပဒေတွင် ပါရှိသောအောက်ပါစကားရပ်များအတိုင်း ဆိုသည့် စကားရပ်များကို အောက်ပါအတိုင်း ဟု အသီးသီး ပြင်ဆင်ပါသည်။

(ဂ) အပိုဒ် ၂ ရှိ ပြင်ဆင်သည့် အဓိပ္ပာယ်ဖွင့်ဆိုချက် Copy of a document ပါ (1),(2),(3),(4),(5) နှင့် (6) တို့တွင် ပါရှိသော paragraph စကားရပ်ကို clauses ဟု ပြင်ဆင်ပါသည်။

(ဃ) အပိုဒ် ၃ ရှိ to generate, sent မှ sent စကားရပ်ကို send ဟု ပြင်ဆင်ပါသည်။

(င) အပိုဒ် ၄ ရှိ ပြင်ဆင်ရေးသား၍ စကားရပ်ကို ပြန်လည်အမှတ်စဉ်၍ ဟု ပြင်ဆင်ပါသည်။

(စ) အပိုဒ် ၅ ဖြင့် ဖြည့်စွက် ပြဋ္ဌာန်းမည့် ပုဒ်မ 60 A(1) ရှိ person စကားရပ်ကို witness ဟု ပြင်ဆင်၍ သက်သေများက Live video or live television link ဖြင့် တင်ပြချက်များကို တရားရုံးက ခွင့်ပြုပေးရန် လိုအပ်ပါက ခွင့်ပြုပေးနိုင်ရန် ရည်ရွယ်ချက်ဖြင့် ပြဋ္ဌာန်းခြင်းဖြစ်၍ ယင်းအပိုဒ်ရှိ other than proceeding in a criminal matter ဆိုသည့် စကားရပ်ကို ပယ်ဖျက်ပါသည်။

(ဆ) အပိုဒ် ၅ ပုဒ်မ 60 A (3), (b) ရှိ that a person be excluded စကားရပ် ကို the person who may be excluded ဟု ပြင်ဆင်ပါသည်။

(ဇ) အပိုဒ် ၇ ဖြင့် အစားထိုးမည့် ပုဒ်မ 63 (2) ရှိ which in themselves စကားရပ်ကို in which themselves ဟု သဒ္ဒါ အရေးအသား မှန်ကန်စေရန် ပြင်ဆင်ပါသည်။

(ဈ) အပိုဒ် ၈ ရှိ ပုဒ်မ ၆၇ ပုဒ်မခွဲ (၁)၏ အောက်တွင် ပုဒ်မခွဲ (၂) အဖြစ် ဖြည့်စွက်မည့် အပိုဒ်ရှိ the Electronic Transactions Law 2004 applies စကားရပ်ကို the Electronic Transactions Law applies ဟု ပြင်ဆင်ပါသည်။

(ည) အပိုဒ် ၉ ဖြင့် ဖြည့်စွက်မည့် ပုဒ်မ 67 A ရှိ a rule of law စကားရပ်ကို the existing law ဟု လည်းကောင်း၊ 67(b)(ii) ရှိ paragraph စကားရပ်ကို clause ဟု လည်းကောင်း ပြင်ဆင်ပါသည်။

၄။ သို့ဖြစ်ပါ၍ သက်သေခံအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြု ပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရစိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကတင်သွင်းသည့် သက်သေခံအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ဆွေးနွေး၍ ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော် ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၆ နဲ့ နည်းဥပဒေ ၁၈၈ တို့နဲ့အညီ ဒီဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့်ဥပဒေကြမ်း၏

အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာတို့ကို တိတိကျကျဖော်ပြ၍ ၇-၇-၂၀၁၅ ရက် အင်္ဂါနေ့ နောက်ဆုံး ထားပြီး အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

## စွမ်းအင်ဝန်ကြီးဌာနက ရေနံလက်ယက်တွင်းဆိုင်ရာဥပဒေကြမ်းကို တင်သွင်းခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၀ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(က)အရ စွမ်းအင်ဝန်ကြီးဌာနက ရေနံလက်ယက်တွင်းဆိုင်ရာ ဥပဒေကြမ်းကို တင်သွင်းရန်ဖြစ်ပါတယ်။ စွမ်းအင်ဝန်ကြီးဌာနအား ဥပဒေကြမ်းတင်သွင်းရန် ဖိတ်ခေါ်ပါတယ်။

**ဦးအောင်ထူး(ဒုတိယဝန်ကြီး၊ စွမ်းအင်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့ လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာ၊ ချမ်းသာကြစေရန် ဆုမွန်ကောင်းတောင်း မေတ္တာပို့သရင်းနဲ့ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ စွမ်းအင်ဝန်ကြီးဌာနက ပြုစုရေးဆွဲထားတဲ့ ရေနံလက်ယက်တွင်းဆိုင်ရာ ဥပဒေကြမ်းကို စွမ်းအင်ဝန်ကြီးဌာနကိုယ်စား ကျွန်တော် ဒုတိယဝန်ကြီး ဦးအောင်ထူးက ပြည်သူ့ လွှတ်တော်သို့ တင်သွင်းသွားမှာဖြစ်ပါတယ်ခင်ဗျား။ စွမ်းအင်ဝန်ကြီးဌာနအနေနဲ့ လွန်ခဲ့တဲ့နှစ်များစွာ ကတည်းကပင် ရေနံလက်ယက်တွင်းလုပ်ငန်းများကို စည်းကမ်းချက်များသတ်မှတ်ပြီး လုပ်ကိုင်ဆောင် ရွက်ရန် ခွင့်ပြုခဲ့ပါတယ်။ ယင်းစည်းကမ်းချက်များမှာ အဓိကအများဆုံးအနက်ပေ ၁၀၀၀ အထိသာ တူးဖော်ရန်၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် စီမံချက်များနှင့် စနစ်တကျထားရှိဆောင် ရွက်ရန်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပတ်ဝန်းကျင် ဘေးအန္တရယ်မဖြစ်စေရေးအတွက် အထူး ကြပ်မတ်ဆောင်ရွက်ရန် စသည့်အချက်များကိုဖော်ပြပြီးတော့ လုပ်ကိုင်ခွင့်ပြုခဲ့ခြင်းဖြစ်ပါတယ်။ ဒီလိုလုပ်ကိုင်ခွင့်ပြုရာမှာ နိုင်ငံသားများကိုသာ ခွင့်ပြုခဲ့ခြင်းဖြစ်ပြီး နိုင်ငံတော်ရဲ့စေတနာကတော့ ဒေသခံပြည်သူများ ဝင်ငွေတိုးတက်ရေးအတွက် ဒေသတွင်း လောင်စာလိုအပ်ချက်ကို အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးရေးအတွက်နှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိရေးအတွက် ရည်ရွယ်ပြီးတော့ ခွင့်ပြုပေးခဲ့တာဖြစ်ပါတယ်။ အမှန်တကယ်တော့ ရေနံရှာဖွေတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းများဟာ ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား(၁) အရ ပြည်ထောင်စုအစိုးရကသာ လုပ်ကိုင်ခွင့်ရရှိတဲ့လုပ်ငန်းဖြစ် သော်လည်းပဲ ယင်းဥပဒေရဲ့ ပုဒ်မ ၄၅၅ ပုဒ်မခွဲ(ခ)အရ နိုင်ငံတော်ရဲ့အကျိုးစီးပွားအလို့ငှာ စည်းကမ်း သတ်မှတ်ချက်များဖြင့် လုပ်ကိုင်ဆောင်ရွက်စေရန် ခွင့်ပြုခဲ့ခြင်းဖြစ်ပါတယ်။ ဒီနေရာမှာ ရေနံ

လက်ယက်တွင်းလုပ်ငန်းများကို အများဆုံး အနက်ပေ ၁၀၀၀ အထိသာ တူးဖော်ရန်သတ်မှတ်ထားခြင်းနှင့်ပတ်သက်ပြီးတော့ အနည်းငယ်ရှင်းပြရန် လိုပါတယ်။

မြန်မာနိုင်ငံမှာ ရေနံထွက်ရှိတဲ့ဒေသတွေရဲ့ မြေအောက် ဘူမိဗေဒအနေအထားအရလည်းကောင်း၊ အနာဂတ်မှာ ရေနံတိုးတက်ထုတ်လုပ်နိုင်မယ့် နည်းပညာများ ပေါ်ထွန်းနေတဲ့ အခြေအနေများကြောင့်လည်းကောင်း၊ မြန်မာနိုင်ငံရဲ့စီးပွားရေးကို အဓိကအကျိုးဖြစ်ထွန်းစေမယ့် နိုင်ငံခြားရေနံကုမ္ပဏီများနှင့် ပေါင်းလုပ်တဲ့ ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားခြင်းစာချုပ် (Production Sharing Contract) နှင့် ရေနံရှာဖွေတူးဖော်နေတဲ့လုပ်ငန်းနဲ့ ရေနံလက်ယက်တွင်းလုပ်ငန်းတို့ ဒေသတစ်ခုတည်းမှာ လုပ်ကိုင်တဲ့အခါမှာ အငြင်းပွားမှုကိုလည်း မဖြစ်စေရန်လည်းကောင်း ဒါတွေကိုရည်ရွယ်ပြီး တော့ အနက်ပေ ၁၀၀၀ ကို ရှေးယခင်ကတည်းကပဲ စည်းကမ်းချက်များသတ်မှတ်ပြီး လက်ယက်တွင်း လိုင်စင်များကို ခွင့်ပြုခဲ့ခြင်းဖြစ်ပါတယ်။ လောလောဆယ် အခြေအနေမှာ လက်ယက်တွင်း တူးဖော် ထုတ်လုပ်မှုလုပ်ငန်းများမှာ သတ်မှတ်ထားတဲ့စည်းကမ်းကို မလိုက်နာကြတာတွေရှိသလို တချို့လည်း လိုင်စင်မယူဘဲ တူးဖော်ထုတ်လုပ်နေတာတွေလည်း တွေ့ရှိရပါတယ်။ မီးလောင်ကျွမ်းမှုကိုလည်း မကြာခဏဖြစ်ပွားနေတာကိုလည်း တွေ့ရှိရပါတယ်။ လက်ရှိအချိန်အထိ မိမိတို့ ရေနံလက်ယက်တွင်း လုပ်ငန်းများမှာ ပတ်သက်တဲ့ဥပဒေတစ်စုံတစ်ရာမရှိဘဲ ညွှန်ကြားချက်များဖြင့်သာ ဆောင်ရွက်လျက်ရှိ သဖြင့် အထက်ပါဖြစ်ရပ်များကို ကာကွယ်ထိန်းသိမ်းရန် လုံလောက်သောဥပဒေတစ်ရပ် ပြဋ္ဌာန်းရန်လိုအပ်လာတဲ့အတွက် ယခု ရေနံလက်ယက်တွင်းဆိုင်ရာဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်သို့ တင်သွင်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ရေနံလက်ယက်တွင်းဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း**

**ဒုတိယဥက္ကဋ္ဌ။** ။ အစီအစဉ် ၁၁ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(ခ)အရ ရေနံလက်ယက်တွင်းဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တွေ့ရှိမှုအစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရန်ဖြစ်ပါတယ်။ ဖတ်ကြားရှင်းလင်းဖို့ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**မူကြမ်း**

**ဦးစိုးရယ်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်ကြီးများအားလုံး မင်္ဂလာပါလို့ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကယားပြည်နယ်၊ ဒီမောဆိုမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဦးစိုးရယ်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌရဲ့ တာဝန်ပေးချက်အရ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ကိုယ်စား ရေနံလက်ယက်တွင်းဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်အစီရင်ခံစာကို လွှတ်တော်သို့ဖတ်ကြား ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးကပေးပို့လာသော ရေနံလက်ယက်တွင်းဆိုင်ရာဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်ရုံးမှ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၈၀ နည်းဥပဒေခွဲ(က)အရ ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ၃၁-၅-၂၀၁၅ ရက်နေ့တွင် ပေးပို့လာပါသည်။

၂။ စွမ်းအင်ဝန်ကြီးဌာနသည် နိုင်ငံသားများသာ လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည့် ရေနံလက်ယက်တွင်းများမှ ရေနံတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းများကို စနစ်တကျထိန်းသိမ်းကြီးကြပ်ဆောင်ရွက်နိုင်ရန်အတွက် ဤဥပဒေကြမ်းကို ရေးဆွဲခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ရေနံလက်ယက်တွင်းဆိုင်ရာဥပဒေကြမ်းကို ၂-၇-၂၀၁၅ ရက်နေ့တွင် ပြည်သူ့လွှတ်တော်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီအတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်များ၊ ဥပဒေပြုရေးဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီအဖွဲ့ဝင်များနှင့် စွမ်းအင်ဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးအောင်ထူးအပါအဝင် တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ပြီး ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ ပါ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ လေ့လာစိစစ်ခဲ့ရာတွေ့ရှိချက်နှင့် ပြင်ဆင်ရန်တင်ပြချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) ဤဥပဒေကြမ်းတွင် အခန်း (၈) ခန်းနှင့် အပိုဒ်ပေါင်း ၂၄ ပိုဒ် ပါရှိပါသည်။

( ခ) ဥပဒေခေါင်းစီးရှိ(မူကြမ်း)စကားရပ်များကို ပယ်ဖျက်ပါသည်။

**မူကြမ်း**

( ဂ) အခန်း (၁)၊ အပိုဒ် ၂ အပိုဒ်ခွဲ(ဂ)ကို ရေနံလက်ယက်တွင်းဆိုသည်မှာ ဝန်ကြီးဌာနက ထုတ်ပေးလျက်ရှိသောလိုင်စင်ပါ စည်းကမ်းချက်များနှင့်အညီ လူအင်အားဖြင့်ဖြစ်စေ၊ စက်အင်အားဖြင့်ဖြစ်စေအနက်ပေ ၁၀၀၀ ထိ တူးဖော်နိုင်သည့် ရေနံတူးဖော်ထုတ်လုပ်သောတွင်းကိုဆိုသည်ဟု ပြင်ဆင်ပါသည်။

(ဃ) အပိုဒ် ၂ အပိုဒ်ခွဲ(စ)ကို လက်ယက်တွင်းရေနံထုတ်လုပ်ခြင်းလုပ်ငန်းဆိုသည်မှာ ခွင့်ပြုမိန့်အရဆောင်ရွက်သည့် လုပ်ကွက်အတွင်းတွင် ရေနံရယူရန်အလို့ငှာ ကုန်းတွင်းတွင် မြေမျက်နှာပြင်ကိုဖြစ်စေ၊ မြေအောက်ကျောက်လွှာကိုဖြစ်စေ တူးဖော်ခြင်း၊ တူးဖောက်ခြင်း၊ တူးဆွခြင်းမှထွက်ရှိလာသည့် ရေနံကိုဖြစ်စေ၊ မြေအောက်မှမြေပြင်ပေါ်သို့ အလိုအလျောက် စိမ့်ထွက်သောရေနံကိုဖြစ်စေ ထုတ်လုပ်ခြင်းလုပ်ငန်းကို ဆိုသည်ဟု ပြင်ဆင်ပါသည်။

( င) အပိုဒ် ၂ အပိုဒ်ခွဲ(ဆ)၊ အပိုဒ် ၆၊ ၁၀ အပိုဒ်ခွဲ(ခ) တို့ကို ပယ်ဖျက်ပါသည်။

( စ) အပိုဒ် ၂ အပိုဒ်ခွဲ(ဈ)ကို အပိုဒ်ခွဲ(ဇ)အဖြစ် ပြင်ဆင်ပြီး၊ ယင်းအပိုဒ်ကို လုပ်ငန်းလုပ်ကိုင်ခွင့်ရသူဆိုသည်မှာ လုပ်ကွက်အတွင်း ရေနံလက်ယက်တွင်း တူးဖော်၊ ထုတ်လုပ်ခွင့်လိုင်စင်ရသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကိုဆိုသည်ဟု ပြင်ဆင်ပါသည်။

(ဆ) အပိုဒ် ၂ အပိုဒ်ခွဲ(ည)ကို အပိုဒ်ခွဲ(ဈ)အဖြစ် ပြင်ဆင်ပြီးယင်းအပိုဒ်ရှိ အတည်ပြုသတ်မှတ်ထားသော စကားရပ်ကို ခွင့်ပြုသောဟု ပြင်ဆင်ပါသည်။

( ဇ) အခန်း (၂)၊ အပိုဒ် ၃ အပိုဒ်ခွဲ(က)ကို နိုင်ငံတော်အတွင်းရေနံလက်ယက်တွင်းများမှ ရေနံသယံဇာတများကို မီးဘေးအန္တရာယ် ကင်းရှင်းစေရေးနှင့် စနစ်တကျ တူးဖော်ထုတ်လုပ်ရေးဆောင်ရွက်ရန်ဟု ပြင်ဆင်ပါသည်။

(ဈ) အပိုဒ် ၃ အပိုဒ်ခွဲ(ဂ)ရှိ သက်ဆိုင်ရာ စကားရပ်ရှေ့တွင် အဓိကအားဖြင့်စကားရပ်ကို ဖြည့်စွက်ပါသည်။

(ည) အပိုဒ် ၃ အပိုဒ်ခွဲ(ဃ)ကို ရေနံလက်ယက်တွင်းလုပ်ငန်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် ပတ်ဝန်းကျင်ထိခိုက်မှုများနှင့် လူမှုစီးပွားထိခိုက်မှုများ အနည်းဆုံးဖြစ်စေရေးကို ဆောင်ရွက်ရန်ဟု ပြင်ဆင်ပါသည်။

( ဋ) အခန်း(၃) ခေါင်းစဉ်ကို လိုင်စင်လျှောက်ထားခြင်းဟု ပြင်ဆင်ပါသည်။

( ဌ) အခန်း(၃) အပိုဒ် ၄ ရှိ ခွင့်ပြုမိန့် ရရှိရန်စကားရပ်ကို လိုင်စင်ရရှိရေးဟုလည်းကောင်း၊ ၎င်း၏ထောက်ခံချက်ဖြင့် စကားရပ်ကို လျှောက်လွှာကိုစိစစ်ထောက်ခံ၍ဟုလည်းကောင်း အသီးသီးပြင်ဆင်ပါသည်။

( ဍ) အပိုဒ် ၅ ကို ဝန်ကြီးဌာနသည် လျှောက်ထားချက်ကိုစိစစ်၍ သက်ဆိုင်ရာဝန်ကြီးဌာနများ၏ သဘောထားမှတ်ချက်များကိုတောင်းခံရမည်။ သတ်မှတ်စည်းကမ်းချက်နှင့် ညီညွတ်မှုမရှိပါက လျှောက်ထားချက်ကိုပယ်ဖျက်နိုင်သည်ဟု ပြင်ဆင်ပါသည်။

(ဎ) အပိုဒ် ၇ ကို အပိုဒ် ၆ နှင့် အပိုဒ် ၇ အဖြစ် အောက်ပါအတိုင်းပြင်ဆင်ပါသည်-

၆။ စည်းကမ်းချက်များနှင့် ညီညွတ်မှုရှိပါက ဝန်ကြီးဌာနသည် ရေနံလက်ယက်တွင်းတူးဖော်ခြင်းလုပ်ငန်းနှင့် ထုတ်လုပ်ခြင်းလုပ်ငန်းကို လျှောက်ထားသူအားဘဏ္ဍာရေးနှစ် တစ်နှစ်သက်တမ်းရှိသည့် လိုင်စင်ထုတ်ပေးခြင်းနှင့် လိုင်စင်သက်တမ်းတိုးပေးခြင်းပြုနိုင်သည်။

၇။ ဝန်ကြီးဌာနသည် လိုင်စင်စည်းကမ်းချက်များကို သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်းနှင့် ပယ်ဖျက်ခြင်းတို့ ပြုနိုင်သည်။

(ဏ) အခန်း(၄)၊ အပိုဒ် ၈ အပိုဒ်ခွဲ(က)ရှိ စည်းကမ်းဥပဒေ၊ စည်းမျဉ်းဥပဒေ စကားရပ်ကို ပယ်ဖျက်ပါသည်။

(တ) အပိုဒ် ၈ အပိုဒ်ခွဲ(ခ)ကို လုပ်ငန်းဆောင်ရွက်သူသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ လိုင်စင်ပါစည်းကမ်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ခြင်းမရှိပါက စီမံခန့်ခွဲမှုနည်းလမ်းအရ လိုအပ်သလိုအရေးယူဆောင်ရွက်ခြင်းဟု ပြင်ဆင်ပါသည်။

(ထ) အပိုဒ် ၉ ကို ဝန်ကြီးဌာနသည် နိုင်ငံတော်အစိုးရက အများပြည်သူအကျိုးစီးပွားအလို့ငှာလိုအပ်၍ လုပ်ငန်းလုပ်ကိုင်ခွင့်ရသူဆောင်ရွက်နေသော လုပ်ကွက်

မြေဧရိယာအားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ တည်ဆဲဥပဒေနှင့်အညီ ပြန်လည်သိမ်းယူသည့်အခါလုပ်ငန်း လုပ်ကိုင်ခွင့်ရသူသည် အခြားသင့်လျော်သည့် နေရာတစ်ခုခုကို အစားထိုးလုပ်ကိုင်ခွင့်ရရှိနိုင်ရန် ပြန်လည်လျှောက်ထားလာပါက စိစစ်ခွင့်ပြုသည့် လုပ်ပိုင်ခွင့်ရှိသည်ဟု ပြင်ဆင်ပါသည်။

(ဒ) အခန်း(၅) အပိုဒ် ၁၀ အပိုဒ်ခွဲ(က)ရှိ ခွင့်ပြုမိန့်ပါလုပ်ငန်းကို စကားရပ်အား ပယ်ဖျက်ပါသည်။

(ဓ) အပိုဒ် ၁၀ အပိုဒ်ခွဲ(ဂ)ကို အပိုဒ်ခွဲ(ခ)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ ခွင့်ပြုလုပ်ကွက်၏ မြေမျက်နှာပြင်အား စကားရပ်ကို ခွင့်ပြုလုပ်ကွက်အားဟု ပြင်ဆင်ပါသည်။

(န) အပိုဒ် ၁၀ အပိုဒ်ခွဲ(ဃ)ကို အပိုဒ်ခွဲ(ဂ)အဖြစ် ပြင်ဆင်ပြီးယင်းအပိုဒ်ခွဲကို လိုင်စင်အရ ဆောင်ရွက်သည့် လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ ကိုယ်တိုင်လုပ်ကိုင်ရမည်။ အခြားမည်သည့်ပုဂ္ဂိုလ်၊ အသင်း သို့မဟုတ် အဖွဲ့အစည်းကိုမျှ လုပ်ကွက်တစ်ခုလုံးကိုသော်လည်းကောင်း၊ တစ်စိတ်တစ်ပိုင်းကိုသော်လည်းကောင်း လွှဲပြောင်းဆောင်ရွက်ခြင်းမပြုရဟု ပြင်ဆင်ပါသည်။

(ပ) အပိုဒ် ၁၀ အပိုဒ်ခွဲ(င)ကို အပိုဒ်ခွဲ(ဃ)အဖြစ် ပြင်ဆင်ပြီးယင်းအပိုဒ်ခွဲကို လိုင်စင်ရရှိသည့်နေ့မှ သုံးလအတွင်း ရေနံလက်ယက်တွင်းလုပ်ငန်းကို စတင်ဆောင်ရွက်ရမည်။ ယင်းရေနံလက်ယက်တွင်းနှင့်ပတ်သက်သည့် အချက်အလက်များနှင့် ထွက်ရှိသည့် ရေနံနမူနာကို မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းသို့ ပေးအပ်ရမည်ဟု ပြင်ဆင်ပါသည်။

(ဖ) အပိုဒ် ၁၀ အပိုဒ်ခွဲ(စ)ကို အပိုဒ်ခွဲ(င)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲကို နေ့စဉ်ရေနံထုတ်လုပ်မှုပမာဏစာရင်းဇယားကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့မှတစ်ဆင့် ဝန်ကြီးဌာနသို့ လစဉ်မပျက်မကွက် ပေးပို့ရ မည်ဟု ပြင်ဆင်ပါသည်။

**မူကြမ်း**

(ဗ) အပိုဒ် ၁၀ အပိုဒ်ခွဲ(ဇ)ကို အပိုဒ်ခွဲ(ဆ)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ ခွင့်ပြုမိန့် စကားရပ်ကို လိုင်စင်ဟု ပြင်ဆင်ပါသည်။

(ဘ) အပိုဒ် ၁၀ အပိုဒ်ခွဲ(ဈ)ကို အပိုဒ်ခွဲ(ဇ)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ လုပ်ငန်းများ၏ စကားရပ်ကို လုပ်ငန်းများတွင် လုပ်ကိုင်နေသောဟု ပြင်ဆင်ပါသည်။

(မ) အခန်း(၇) အပိုဒ် ၁၄ ကို မည်သူမဆိုပုဒ်မ ၁၃ ပါ ပြစ်မှုတစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် အနည်းဆုံးထောင်ဒဏ်တစ်နှစ်မှ အများဆုံးသုံးနှစ်အထိဖြစ်စေ၊ အနည်းဆုံးငွေဒဏ် ကျပ်သိန်းငါးဆယ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့်ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်ဟု ပြင်ဆင်ပါသည်။

(ယ) အပိုဒ် ၁၅ ကို လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ မည်သူမျှ လုပ်ငန်းဆောင်ရွက်ရာတွင် ဤဥပဒေနှင့် ဤဥပဒေအရထုတ်ပြန်သည့် နည်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းနှင့် လိုက်နာဆောင်ရွက်ရန် သတ်မှတ်ထားသော ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်းမပြုရဟု ပြင်ဆင်ပါသည်။

(ရ) အပိုဒ် ၁၆ ကိုမည်သူမဆိုပုဒ်မ ၁၅ ပါ ပြစ်မှုတစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် အနည်းဆုံးထောင်ဒဏ် ခြောက်လမှ အများဆုံးတစ်နှစ်အထိဖြစ်စေ၊ အနည်းဆုံးငွေဒဏ် ကျပ်သိန်းသုံးဆယ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့်ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်ဟု ပြင်ဆင်ပါသည်။

(လ) အခန်း(၈) အပိုဒ် ၁၇ ရှိ ဤဥပဒေမပြဋ္ဌာန်းမီက ဤဥပဒေပါကိစ္စအလို့ငှာ အခြား စကားရပ်ကို ပယ်ဖျက်ပါသည်။

(ဝ) အပိုဒ် ၁၈ ကို ဤဥပဒေပါပြဋ္ဌာန်းချက် တစ်ရပ်ရပ်နှင့် သက်ဆိုင်သည့်ကိစ္စရပ်များကို ဤဥပဒေနှင့်အညီသာ ဆောင်ရွက်ရမည်ဟု ပြင်ဆင်ပါသည်။

(သ) အပိုဒ် ၁၉ ရှိ ဤဥပဒေမပြဋ္ဌာန်းမီက ဤဥပဒေပါကိစ္စအလို့ငှာ အခြားတည်ဆဲဥပဒေအရ စကားရပ်ကို တည်ဆဲဥပဒေတစ်ရပ်ရပ်အရဟု ပြင်ဆင်ပါသည်။

**မူကြမ်း**

(ဟ) အပိုဒ် ၂၀ ကို ဝန်ကြီးဌာနသည် ဤဥပဒေနှင့် နည်းဥပဒေပါ လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အမျိုးသားစွမ်းအင်စီမံခန့်ခွဲမှုကော်မတီ၏ လမ်းညွှန်ချက်များကိုခံယူဆောင်ရွက်ရမည်ဟု ပြင်ဆင်ပါသည်။

(ဠ) အပိုဒ် ၂၃ ကို ဤဥပဒေပါလုပ်ငန်းများကို လုပ်ကိုင်ခွင့်ရသူသည် လုပ်ငန်းမှ ထွက်ရှိသော ရေနံပမာဏပေါ်မူတည်၍ သက်ဆိုင်ရာ ရေနံလက်ယက်တွင်း လုပ်ကွက်တည်ရှိရာဒေသ၏ လူမှုစီးပွားဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ရန်ပုံငွေ တစ်ရပ်ထူထောင်ထားရမည်ဟု ပြင်ဆင်ပါသည်။

(အ) အပိုဒ် ၂၄ အပိုဒ်ခွဲ(က)နှင့် အပိုဒ်ခွဲ(ခ)တို့ကို အောက်ပါအတိုင်းပြင်ဆင်ပါသည် -

(က) ဝန်ကြီးဌာနသည် နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၄။ သို့ဖြစ်ပါ၍ ရေနံလက်ယက်တွင်းဆိုင်ရာဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။ ဥပဒေကြမ်းကော်မတီ။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။

**စွမ်းအင်ဝန်ကြီးဌာနက တင်သွင်းသည့် ရေနံလက်ယက်တွင်းဆိုင်ရာဥပဒေကြမ်းကို ဆွေးနွေး၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၂ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၆၊ ၁၈၈ တို့နှင့်အညီ ဒီဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့်ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာတို့ကို တိတိကျကျဖော်ပြ၍ ၇-၇-

၂၀၁၅ ရက်(အင်္ဂါနေ့) နောက်ဆုံး ထားပြီး အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့သော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်မရှိ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၃ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်မှာ စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့လာသော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းကို ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၇၀)ရက်မြောက်နေ့ ၂၉-၆-၂၀၁၅ ရက်နေ့တွင် လက်ခံရရှိကြောင်း အသိပေးခြင်းနှင့် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိတို့ ပြင်ဆင်လိုတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၁-၇-၂၀၁၅ ရက်နေ့နောက်ဆုံး ထားပြီး အမည်စာရင်းပေးပို့ကြရန် တောင်းခံခဲ့ပြီးလည်း ဖြစ်ပါတယ်။ ယနေ့အထိ ပြင်ဆင်ချက်အဆို တင်သွင်းလိုတဲ့ ကိုယ်စားလှယ်တစ်ဦးမျှမရှိပါ။ ဒါကြောင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာမှာ တင်ပြချက်အတိုင်း ပြင်ဆင်ချက်မရှိ အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြင်ဆင်ချက်မရှိသဘောတူကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၉ အရ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

# ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန် အစည်းအဝေး (၇၁)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး(၇၂)ရက်မြောက်နေ့ ကျင်းပမည့်နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး (၇၁)ရက်မြောက်နေ့ ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၇၂) ရက်မြောက်နေ့ကို ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၆ ရက်(တနင်္လာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့အစည်းအဝေး အောင်မြင်စွာပြီးမြောက်ကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၀၀။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၇၁) ရက်မြောက်နေ့ ကို ၁၁း၀၀ နာရီအချိန်တွင် ရပ်နားပါသည်။]